စိတ်ကူးချိုချိုအနုပညာ


# စာမျက်နှာ

# ဝေ



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



mgyoe.com

thu0013
2300.00 Ks

mgyoe.com

စာမျက်နှာ ၁၆၊ သုမောင်
မျက်နှာဖုံး - ပေသစ်တည်၊ စာမျက်နှာ ၁၉၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၄ ရန်အောင်စာပေ-၂ ၏ ဒုတိယအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စာမျက်နှာ ၁၆
# သုမောင်

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၀၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

၂

## စာမျက်နှာ - ၁၆ နှင့်ပတ်သက်၍

(၁၉၇၈ ခုနှစ်) ဆီက ပင်ကိုရေးဝတ္ထုရှည်လုံးချင်း ဖြစ်ပါသည်။ ဝန်ခံရလျှင် ဝတ္ထုအဖြစ် ကျွန်တော်က ဖန်တီးရေးသားခဲ့သည်မှန်သော်လည်း မူလဇာတ်လမ်းကျောရိုးမှာ ဖခင် 'ဆရာကြီးသာခု'၏စိတ်ကူးဖြစ်ပါသည်။ ထိုစိတ်ကူးကို ဆရာသာခုကရုပ်ရှင်အဖြစ် ရိုက်ကူးပုံဖော်ရန်သာ ဖြစ်ပါသည်။ ကျွန်တော်က ၁၉၇၄ တွင် ရုပ်ရှင်မင်းသားဖြစ်လာခဲ့သောအခါ မိဘတို့ ဝတ္တရားရှိသည့်အတိုင်း ကျွန်တော်နှင့်လိုက်ဖက်သော ရုပ်ရှင်ဇာတ်လမ်းများကို အဖေက နေ့စဉ်နှင့်အမျှ တွေးတောစိတ်ကူးခဲ့ပါသည်။ ထိုစဉ်က ရုပ်ရှင်ဇာတ်လမ်းစိစစ်ရေးသည် အလွန်တင်းကျပ်ပါသည်။ ထို့ကြောင့် စာမျက်နှာ (၁၆) သည် သုမောင်ပါဝင်သော ရုပ်ရှင်ဇာတ်ကားကြီးဖြစ်မလာခဲ့တော့ပေ။

ဒါကို ကျွန်တော်က နှမြောသဖြင့် ဝတ္ထုရှည်လုံးချင်းရေးသားရန် ဖခင်ကြီးထံ ခွင့်ပန်၏။ ဖခင်ကြီးက ဝမ်းသာပီတိဖြစ်ရာ၏။ ထိုစဉ်က ကျွန်တော်သည် လုံးချင်းဝတ္ထုပေါင်း (ခုနစ်) အုပ်ရေးသားပြီးဖြစ်လေရာ စာပေပညာရှင်များကရော ပရိသတ်ကပါ စာရေးဆရာဟု သတ်မှတ်ကြပြီးပါပြီ။ ထို့ကြောင့် ပင် စာရေးအလွန်မြန်သောကာလက ကျွန်တော်သည် ပုံနှိပ်တိုက်တစ်ခုတွင်

mgyoe.com

mgyoe.com

နေ့နေ့ညညထိုင်ပြီး ယင်းစာမျက်နှာ (၁၆) ကို ရေးသားထုတ်ဝေနိုင်ခဲ့ပါတော့သည်။

ကျွန်တော် ကံကောင်းချင်တော့ ထိုစာမျက်နှာ (၁၆) ဝတ္ထုကို ဒါရိုက်တာမီးပွားက 'မျက်စိထပ်မံကျပြီး' ဗီဒီယိုရိုက်ရန် ဝယ်ယူခဲ့၏။ 'မျက်စိထပ်မံကျသည်' ဟု သုံးရတာက ယင်းမတိုင်ခင် ကျွန်တော်၏ဝတ္ထု 'အကြွေး' ကို သူပင် ရိုက်ကူးခဲ့ရာ ကျော်ဟိန်းတစ်ခေတ် ပြန်ဆန်းသစ်ခဲ့သောကြောင့် ဖြစ်၏။ စာမျက်နှာ (၁၆) ကိုလည်း ကျော်ဟိန်းနှင့်ပင် ရိုက်ကူးခဲ့ရာ အောင်မြင်ပြန်သည်။ 'အကြွေး' ကိုတော့ မမီချေ။

ယင်းအချက်အလက်များသည် ဤဝတ္ထု၏ ထူးခြားတိုက်ဆိုင်မှုများပင်။

ပထမအကြိမ် ထုတ်ဝေပေးခဲ့သော 'ဆောင်းသဇင်' စာပေတိုက်နှင့် ယခုတစ်ကြိမ် ထပ်မံထုတ်ဝေပေးသော (ရန်အောင်) စာပေတိုက်တို့ကို ကျေးဇူးအထူးတင်ရှိပါသည်။ ယင်းစာပေတိုက် ကိုယ်စားပြုသူမှာ ဆရာကြီး ဦးရန်အောင်၏သမီး နီနီအောင်နှင့် သမက်ဖြစ်ပါသည်။

အဖေဆရာသာစုကိုကား သီးသန့်ကျေးဇူးတင်စရာ မလိုပါ။ အဖေသည် ကျွန်တော်၏အမြဲတမ်းကျေးဇူးရှင်ကြီး။

**လေးစားသော**

**သုမောင်**

❑

mgyoe.com

mgyoe.com

"တစ်သက်လုံးမှတ်ထား... အနေအထိုင် မတတ်တာဟာ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ အခြေခံပဲလို့ ဘယ်တော့မှမထင်နဲ့"

*

မျက်စိရှုပ်စရာကောင်းလောက်အောင် ပန်းတွေပွင့်ကြသော အပင်များထဲတွင် နည်းနည်းကလေး စည်းကမ်းရှိတတ်သော ပိတောက်ပင်၏အောက်တွင် ဖြစ်လေသည်။

'အကျည်းတန်လှသော ပိတောက်ရွက်တို့သည် လုံချည်လုန်၍ တရှီးရှီးနှင့် ဆဲဆိုနေကြလေသည်။

ရိုင်းစိုင်းစွာ နံတတ်သော ပိတောက်ပန်းနံ့ကို ဝင်သက်လေနှင့်အတူ မရှူရှိုက်မိစေရန် မနည်းကြီး အောင့်အည်းနေရသည်။

*

ဘယ်လိုရှင်းရမှန်းမသိသောကိစ္စဖြစ်သည်။ အစဉ်အဆက်သော ရုပ်ရှင်သမားလူကြီး လူကောင်းများလည်း မတတ်နိုင်ခဲ့သော ကိစ္စမျိုးဖြစ်သည်။

ရုပ်ရှင်မင်းသမီးဟူ၍ဖြစ်လာလျှင် တတ်နိုင်သမျှ လူမြင်မတော်အောင်

mgyoe.com

mgyoe.com


နေရမည်ဟူသော အစွဲအလမ်းသည် ဘယ်တုန်းကစတင်ပေါ်ပေါက်လာခဲ့သည် မသိပါ။ စိတ်မကောင်းစရာဖြစ်သည်။

ရုပ်ရှင်မင်းသမီးဖြစ်လာ၍ အနေအထိုင် မတတ်သည်လား၊ အနေအထိုင် မတတ်သည်ကြောင့် ရုပ်ရှင်မင်းသမီးဖြစ်လာသည်လား သည်နေ့ထိ စဉ်းစားမရနိုင်ပါ။

မည်သို့ပင်ရှိစေ၊ အနေအထိုင် မတတ်ခြင်းနှင့် ရုပ်ရှင်မင်းသမီးဖြစ်လာခြင်းသည် ဒွန်တွဲနေတတ်သည်ကတော့ ဝမ်းနည်းစရာဖြစ်လေသည်။

သင်းတို့ကလည်း သင်းတို့ဖြစ်သည်။ ရုပ်ရှင်မင်းသမီး မဖြစ်လိုက်နှင့် ဖြစ်လိုက်သည်နှင့် ကိုယ့်ကိုယ်ကိုယ် ပေါ့တန်ပစ်လိုက်တတ်သည်။ မထိန်းသိမ်းချင်ကြ။ လေးနက်တည်ကြည်သော မင်းသမီးအဖြစ်ကို သင်းတို့စိတ်ကူးလေဟန်မရှိ။

ဤသည်ကို ကြိုတင်တွက်ဆမိသောကြောင့်လည်း စကားဆိုမိခြင်းဖြစ်လေသည်။

မိမိစကား ဘယ်ထိအောင် တာသွားမှန်း မိမိဘာသာသိသည်ဆိုလျှင် ဤလောက၌ ထိန်းချုပ်အပ်သော စကားဟူသည် မရှိပါ။

ချုပ်တည်းမှုတကာတို့တွင် စိတ်ကိုချုပ်တည်းရခြင်းသည် အလွန်ပင်ပန်း၏။ စိတ်ထဲရှိတိုင်း မပြောရလျှင် ကျုပ်မနေတတ်ပါ။ သည့်အတွက် ပါးစပ်ပေါက်ဆိုးသည်ဟု အများသူငါ၏ ထောမနာပြုခြင်းကို ခံရ၏။

အပေါက်ဆိုးသည်ဟူသော ကျုပ်၏ဂုဏ်ပုဒ်သည် ကျုပ်၏နာမည်နှင့်အတူ သတင်းကြီးလေသည်။

ကျုပ်သည် ရုပ်ရှင်ဒါရိုက်တာ မောင်မောင်စနေဖြစ်လေသည်။ အများသိတော်မူကြသည့်အတိုင်း မျက်စိလည်လမ်းမှားပြီး ရွှေစင်ရုပ် အကယ်ဒမီဆုကိုလည်း ရဖူးသူဖြစ်၏။

လူငယ်ဒါရိုက်တာ တစ်ယောက်အနေနှင့် နိုင်ငံသိကျော်ကြားသူ ဖြစ်လေသည်။

ရယ်စရာတော့ ကောင်းလှသည်။ ကျုပ်သည် နာမည်မကြီးခင်ကလည်း ပါးစပ်ပေါက်ဆိုးခဲ့သူသာ ဖြစ်သည်။ သို့ရာတွင် နာမည်ကြီးလာသောအခါ ပါးစပ်ပေါက်ဆိုးသည်ပင် ဂုဏ်ဒြပ်တစ်ပါး ဖြစ်လာခဲ့လေသည်။

mgyoe.com

mgyoe.com


သည်အတွက် တမင်ဂုဏ်ယူပြီး ပါးစပ်ပေါက်ဆိုးပြနေခြင်း မဟုတ်ပါ။ ကျုပ်ဝသီကိုက သည်လိုပင် ဖြစ်နေသည်ကိုတော့ ကျုပ်လည်း မတတ်နိုင်ပါ။

ခုလည်း ကြည့်၊ ကျုပ်မျက်စိရှေ့တွင် အမြင်မတော်သည်ကို မြင်လိုက်ရသည်နှင့် ပက်ခနဲ ပြောပစ်လိုက်မိလေသည်။

ကျုပ်စကားကြောင့် လှမြင့်အေးမျက်နှာ ရဲခနဲဖြစ်သွား၏။ တော်တော်ရှက်သွားပုံရသည်။ သင်း ဒါကိုတော့ ရှက်သည် ဒုတိယတန်းစားမင်းသမီးတစ်လက်မို့ လူကြားထဲမှာ ခုလိုအပြောခံရခြင်းကြောင့် ဖြစ်သည်။ လူကြားထဲမှာ အောက်ကပဟောင်းလောင်း မုန့်စိမ်းပေါင်းဖြစ်နေသည်ကိုတော့ သင်းမရှက်ဘူးလား။

ရုပ်ရှင်သမားအားလုံးကို ကျုပ် ညီရင်းနှမသဖွယ် ချစ်သည်။ သို့ရာတွင် အမြင်မတော်ဖြစ်လာလျှင်လည်း တစ်သက်စာ မှတ်သွားအောင် ပြောတတ်သည်။ ချစ်၍လည်းပြောခြင်းသာ ဖြစ်၏။ မုန်းလျှင် ကျုပ်က စကားအဖက်လုပ်၍ပင် မပြော။

မလှမြင့်အေးကို ကျုပ်မုန်းစရာအကြောင်း မရှိ။ သို့ရာတွင် မြင်ပြင်းကတ်နေသည်ကတော့ ကြာပြီ။ ဘယ်လိုမှ ကျုပ်မျက်စိထဲ အချိုးမကျသော မင်းသမီးဖြစ်သည်။ အနေအထိုင် အပြောအဆိုပက်စက်သည်။ စည်းကမ်းမရှိ။ ယောကျ်ားသူငါများနှင့် အရောဝင်လွန်းသည်။ အရယ်အမောသန်သည်။ အအိပ်ကြီးသည်။

တစ်ခုတော့ ရှိသည်။ လှသည်ကတော့ တော်တော်လှသည်။ ပက်ပက်စက်စက်လှသည်။ သို့ရာတွင် သူ့လှပုံမျိုးကို ကျုပ်မကြိုက်။ အမေရိကန်မင်းသမီး မွန်ရိုးလို စပ်ဖြဲဖြဲလှခြင်း ဖြစ်သည်။

ရုပ်ရှင်မင်းသမီးဖြစ်ဖို့ရာ အလှသည် မပါမပြီးသော ကိစ္စကားမှန်၏။ အရေးကြီးသည်မှာ ချစ်မွေးပေါက်ဖို့ ဖြစ်သည်။ ပရိသတ်ချစ်သွားစေမည့် အမူအရာကလေးမျိုး ရှိရမည်။ ပရိသတ်ချစ်ခြင်းနှင့် ပရိသတ်တပ်မက်ခြင်းသည် တခြားစီဖြစ်၏။

ချစ်ခြင်းသည် အနုပညာသည်ကို ချစ်ခြင်းဖြစ်သည်။ တပ်မက်ခြင်းသည် မိန်းမပျက်တစ်ယောက်ကို တပ်မက်ခြင်းသာ ဖြစ်သည်။

မလှမြင့်အေးသည် ပရိသတ် တပ်မက်အောင် ကြိုးစားနေသော

mgyoe.com

mgyoe.com


မင်းသမီးမျိုးဖြစ်သည်။ ပရိသတ်တပ်မက်အောင် ကြိုးစားခြင်းလောက် အောက်တန်းကျပြီး ရိုင်းစိုင်းသော အမူအကျင့်သည် မရှိ။

သူနှင့်ရုပ်ရှင်စရိုက်လာကတည်းက ကျုပ်မကြာခဏ သတိပေးဖူးပြီ။ ခုလောက်ထိတော့ ရက်ရက်စက်စက် မပြောဖြစ်ခဲ့။ သတိပေးရုံလောက်သာ ပေးခဲ့သည်။

မည်သို့ပင်ရှိစေ၊ ရုပ်ရှင်သမားဖြစ်လာပြီဆိုလျှင် ကျုပ်ချစ်သည်။ အပြင်လောကတွင် မည်မျှပင် စုတ်ပြတ်သတ်လာအောင် ပျက်စီးလာပလေ့စေ၊ ရုပ်ရှင်သမားအနုပညာသည်ဖြစ်လာလျှင် ကျုပ် ချစ်ရမည်။ ကျုပ်သည် ဤလောက၌ ရုပ်ရှင်အလုပ်ကို အချစ်ဆုံးဖြစ်သည်။ ကျုပ်ကိုယ်ကျုပ်ထက် ရုပ်ရှင်ကို ပိုချစ်သည်။

ရုပ်ရှင်အလုပ်ကိုချစ်သလို ရုပ်ရှင်သမားတွေကိုလည်း ချစ်သည်။ ရုပ်ရှင်သမားကို ရုပ်ရှင်သမားချင်းမှ မချစ်လျှင် မည်သူတွေက ချစ်မည်နည်း။

ဖက်ခွက်စားချင်း စည်းရုံးသင့်ပါသည်။ နို့မဟုတ်လျှင် ရှိစုမဲ့စုဖက်ခွက်ကို အထက်တန်းစားများ ဝင်လုစားလိမ့်မည်။ သူတို့က ဒါလောက်ပဲ ချောင်းနေကြသည်။ သူတို့သည် လမ်းဘေးဘုံဘိုင်တွင် ဒူးပေါ်ပေါင်ပေါ် ရေချိုးရ သူတို့ကို နှာခေါင်းရှုံ့ရင်း မိမိတို့အိမ် ရေချိုးခန်းအတွင်း လုံးတီးရေချိုးတတ်သော အမျိုးအစားများ ဖြစ်သည်။ သူတို့ပက်စက်သည်ကို လူမမြင်ရ။

တစ်ခုတော့ ရှိသည်။ အိုင်တွေ့လျှင်တော့ ခြေဆေးတတ်သည်။

သူတို့သည် ရုပ်ရှင်သမားဆိုလျှင် တီကို ဆားနှင့်တို့သလို တွန့်သွားတတ်ကြသည်။ သို့ရာတွင်...

"ဟို... မင်းသမီးရတယ် ကြားတယ်... ဘယ်လောက်ပေးရ ပေးရ" ဟူသော စကားမျိုးကို သူတို့ပါးစပ်ကသာ ထွက်တတ်သည်။

သည်လိုဘဝကိုရောက်မှတော့ တတ်နိုင်သမျှ ကိုယ့်ဘက်က လုံလုံခြုံခြုံ နေသင့်သည်။ သည်အတွက်ပင် ကျုပ်နှင့် တွေ့ဖူးသမျှ မင်းသမီးတိုင်းကို ကျုပ်သတိပေးခဲ့သည်သာ ဖြစ်သည်။

တချို့ကျတော့လည်း မရ၊ သူ့တို့ကိုယ်တိုင်က ရုပ်ရှင်သည်အဖြစ်ကို အထင်သေးစွာ လုပ်ကိုင်တတ်သည်။ သည်လိုနှင့်သာ အိုသေသွားကြပြီး သူတွေလည်း မနည်းတော့။

mgyoe.com

mgyoe.com


ရုပ်ရှင်သရုပ်ဆောင်ဆိုသည်မှာ ဝေဒနာအတုကို အစစ်ဟု ထင်ရအောင် လုပ်ပြနိုင်စွမ်းရှိခြင်းကို ခေါ်သည်။ သရုပ်ဆောင်ခြင်းနှင့် မျက်နှာရှုးခြင်းသည် တခြားစီ ဖြစ်သည်။

သရုပ်ဆောင်ခြင်းသည် ဝေဒနာအတုကို အစစ်ဟုထင်လာအောင် လုပ်ပြရခြင်းသာ ဖြစ်သည်။ အတုကို အတုမှန်းသိအောင် လုပ်ခြင်းလည်း မဟုတ်၊ အစစ်ကို ဖော်ပြခြင်းလည်း မဟုတ်။

အတုကို အစစ်ထင်စေခြင်းသာ ဖြစ်သည်။

ဆိုပါစို့... ငိုသည်။ တကယ်ငိုခြင်းမဟုတ်၊ ငိုပြခြင်းသာ ဖြစ်၏။ ငိုသည်ဟု ထင်ရစေခြင်းသာ ဖြစ်၏။ ငိုသည်ဟု ထင်သွားလျှင် သရုပ်ဆောင်ကောင်းသည်။ ငိုပြနေခြင်းမျှသာဖြစ်ကြောင်း သိသွားလျှင် သရုပ်ဆောင်ခြင်း မဟုတ်၊ တကယ်ငိုနေခြင်းကို ရုပ်ရှင်ရိုက်ပြ၍ သရုပ်ဆောင်ခြင်းဟု မခေါ်နိုင်ပါ။ အစစ်အမှန်ကို ဖော်ပြခြင်းသည် 'သတင်း' သာ ဖြစ်သည်။

ရုပ်ရှင်သည် အလွန်လှပသိမ်မွေ့သော ပညာမျိုးဖြစ်သည်။ ထို့ကြောင့်ပင် အနုပညာဟူသော ဝေါဟာရသည် ယနေ့တိုင် ကမ္ဘာကျော်နေခြင်း ဖြစ်သည်။

အလွန်သိမ်မွေ့သောလုပ်ငန်းကို လုပ်ကိုင်နေသူများအား အထင်သေးထားသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ ပို၍ ဝမ်းနည်းစရာကောင်းသည်မှာ ထိုလုပ်ငန်းကို ကိုယ်ဂုဏ်မယူတတ်ကြခြင်း ဖြစ်သည်။

မင်းသမီးများသာ မဟုတ်၊ မင်းသားဆိုသည့် အကောင်တချို့က လည်း ရှုပ်ချင်သည်။

မင်းသမီးတချို့ကို အထက်တန်းစားများက ဂုဏ်ယူစွာ ကြံစည်နေကြသလို မင်းသား တချို့ကလည်း ယင်းအထက်တန်းစားအမျိုးသမီးများကို လစ်လျှင်လစ်သလို ရှုပ်ပစ်တတ်သည်။

သည်လို ကလဲ့စားချေပုံမျိုးကိုလည်း ကျုပ်မကြိုက်။ အဆိုးဝါးဆုံးမှာ ဇာတ်တူသားချင်းစားသောကိစ္စ ဖြစ်လေသည်။

သင်းတို့၌ ရှောင်ကြဉ်စရာ ကာမေသု ဆိုတာမျိုးမရှိ။

မလှမြင့်အေးဆိုလျှင် သည်ဘက်၌ ကျွမ်းကျင်သည်။ နာမည်ကြီးသည်။ သူသည် ကုမ္ပဏီပိုင်ရှင်ကတော်လည်း ဖြစ်သည်။ ဘယ်နည်းနှင့် ကုမ္ပဏီပိုင်ရှင်ကတော်ဖြစ်လာသည်တော့ မပြောချင်ပါ။

mgyoe.com

mgyoe.com


သူသည် မင်းသား တော်တော်များများနှင့် ရှုပ်ဖူးသည်။ ရှုပ်လည်းရှုပ်ဆဲဖြစ်သည်။ ကြားရတိုင်းသာ ပြောရလျှင်... ရုပ်ရှင်ရိုက်ကွင်းပေါ်မှာပင် လှစ်ခနဲ လှစ်ခနဲ ပျောက်သွားတတ်သည်။ စဉ်းစားသာ ကြည့်ကြပေတော့...။

မန္တလေးမြို့မှ တည်းခိုခန်းတစ်ခုဆိုလျှင် လှမြင့်အေးကို တည်းခိုခွင့်ပင်မပေးဟု ကြားရသည်။ ဘယ်လောက်ဝမ်းနည်းစရာကောင်းသနည်း။ ထစ်ခနဲ မဖြစ်လိုက်နှင့်၊ ဖြစ်လိုက်သည်နှင့် ရုပ်ရှင်သမား။ ဘယ်မှာကောင်းနိုင်တော့မည်နည်း။

သည်ဇာတ်ကားကို ကျုပ်ရိုက်ပေးဖို့ အကြီးအကျယ် စဉ်းစားခဲ့ရသည်။ လက်မခံဖို့ကို ငြင်းခဲ့သေးသည်။ လှမြင့်အေး ယောကျ်ားက ကျုပ်နှင့် ခင်မင်သူ။ ရိုက်ကူးခွင့်ရထားသော သည်ဇာတ်လမ်းကလည်း ကျုပ် အင်မတန်ကြိုက်သော စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်း၏ဝတ္ထု၊ ဘဝသရုပ်ဖော်။

ခက်သည်က အဓိကဇာတ်ဆောင်နေရာတွင် မလှမြင့်အေးကို ပါဝင်စေရမည်ဆိုသည့်တစ်ချက်ဖြစ်သည်။

"ကျုပ်စကားကို ယုံပါ ကိုဘိုကေ၊ ခင်ဗျားမိန်းမက ဒီတစ်သက်ခေါင်းဆောင်မင်းသမီးကို ဖြစ်လာနိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ဗျာ ဒီဇာတ်လမ်းမှာ မင်းသမီးက လုပ်နိုင်ရင် အကယ်ဒမီတောင် ရနိုင်..."

"စိတ်ချ၊ သူ မလုပ်နိုင်ဘူး... ခင်ဗျားမိန်းမ အမူအရာက ဆတ်စလူး၊ ဇာတ်လမ်းထဲက မင်းသမီး အမူအရာက ဘာမှမသိနားမလည်တဲ့ ရှုးပေါပေါမလေး..."

"ရှုးပေါပေါ အိုက်တင်တော့ သူက တတ်နိုင်ပါတယ် ကိုစနေရာ..."

"ဆတ်စလူးထတာနဲ့ ရှိုး၊ အလွန်းလို့ ပေါတောတော ဖြစ်နေတာက တခြားစီပါ ကိုဘိုကေ။ ဒီလောက်သနားစရာကောင်းတဲ့ ဇာတ်ကောင်မျိုးကို ခင်ဗျားမိန်းမရဲ့ ကလက်တက်တက် အမူအရာကြောင့် မပျက်သွားစေချင်ဘူး..."

ဤမျှထိ စကားဆိုခဲ့ဖူးသည်၊ မရပါ။ လောကမှာ ကိုယ့်မိန်းမကိုယ် အထင်ကြီးလွန်းတော့လည်း ပေါက်တတ်ကရတွေ ဖြစ်ကုန်တတ်သည်။

ကျုပ်ကြိုက်သည့် ဆင်ဖြူကျွန်းအောင်သိန်းဝတ္ထုလည်း ဖြစ်သည်။ ကျုပ်ကိုယ်တိုင်လည်း ရိုက်ရမည်။ မင်းသားမြတ်လေးကိုလည်း ပြန်လည်

mgyoe.com

mgyoe.com


အသုံးချရမည်မို့ စိတ်ဝင်စားလှသည်။ မလှမြင့်အေး မင်းသမီးဝင်လုပ်ရမည် ဆိုသည့် တစ်ချက်တည်းနှင့် ကျုပ်စိတ်ပျက်ခဲ့ရသည်။ မဖြစ်နိုင်၊ လုံးဝ မဖြစ်နိုင်။

သို့ရာတွင် မတတ်နိုင်။ မရိုက်ပေးလျှင် မဖြစ်သလို ဖြစ်ခဲ့ရသည်။ ကျုပ်၏စီးပွားရေးအခြေအနေကြောင့် ဖြစ်သည်။ လွန်ခဲ့သောနှစ်က သူတို့ ကုမ္ပဏီမှ ဇာတ်ထုပ်တစ်ထုပ် ကျုပ်ရိုက်ခဲ့သည်။ ကျုပ်ကိုယ်ပိုင်ဇာတ်ထုပ် ဖြစ်သည်။

သူတို့ဆီမှ ကုမ္ပဏီ ငှားသည်။ အကြွေး။ ကျုပ်က ပိုက်ဆံရှိသူ မဟုတ်။ ကျုပ်က ပညာသည်၊ သည့်အတွက် ကိုဘိုကေက ကူညီခဲ့သည်။ ငွေသုံးသောင်းဖိုးခန့်ကို အကြွေးစနစ်ဖြင့် ကူညီခဲ့သည်။ ဇာတ်ကားရုံတင်မှပေး။

ကျုပ်ဇာတ်ကားပြီးခဲ့သည့်လက ရုံတင်ခဲ့သည်။ ဝက်ဝက်ကွဲအောင် ကွဲခဲ့သည်။ ရှုံးသည်။ အရင်းပင် မပေါ်ခဲ့။

ရုပ်ရှင်ရုံခကို မနည်းကြီး ရှာဖွေပေးလိုက်ရသည်။

ကိုဘိုကေ၏ အကြွေးကို မဆပ်နိုင်ခဲ့။ ကိုဘိုကေကလည်း မတောင်း။ သူ ကျုပ်အကြောင်းကို ကောင်းကောင်းသိသည်။

နောက်တော့ သူတို့ကုမ္ပဏီအတွက် ကားတစ်ကား ဒါရိုက်တာလုပ် ပေးရန် ပြောလာသည်။ သဘောကတော့ ကျုပ် ဒါရိုက်တာခနှင့် ကျုပ်အပေါ် တင်ခဲ့သည့်အကြွေးကို နှိမ်ရန်။

သည်အစီအစဉ်ဖြင့် သည်ဇာတ်ကားကို ရိုက်ခဲ့ခြင်း ဖြစ်သည်။ စရိုက် ကတည်းက အပေါက်အလမ်း မတည့်ချင်။ မင်းသမီး မလှပြင့်အေးကို တစ်စေ့ကလေးမှ စိတ်တိုင်းမကျ။ ဝတ္ထုထဲမှ ဇာတ်ကောင် 'အေးမိ' ၏သရုပ် ကို မင်းသမီးလှမြင့်အေးက ကောင်းကောင်း ဖျက်ဆီးနေတော့သည်။

မတတ်နိုင်။ ရိုက်မိမှတော့ ရိုက်ပေရော့ဟု သဘောထားလိုက်ရသည်။

ဝတ္ထုထဲက 'အေးမိ' သည် ရိုးရိုးအ,အ ကောင်မလေး တစ်ယောက် ဖြစ်သည်။ ပေါချာချာ မနူးမနပ်ကလေးကို လူကုံထံတစ်ယောက်က ဖျက်ဆီး လိုက်သည်။ ထိုလူကုံထံ၏မော်တော်ကား ဒရိုင်ဘာက တင့်တောင့်တင့် တယ် လက်ထပ်ယူသည်။ ထိုယောကျ်ား ကားမှောက်သေသည်။ 'အေးမိ' လင်တရူးဖြစ်သွားသည်။

mgyoe.com

mgyoe.com


'အေးမိ' နေရာတွင် လှမြင့်အေး ပါဝင်သရုပ်ဆောင်လိုက်သောအခါ မတရားစော်ကားခံရသော အေးမိသည် မစော်ကားစော်ကားအောင် ကလူမြှူဆွယ်နေသော အေးမိ ဖြစ်သွားသည်။

လှမြင့်အေး၏ ယောကျ်ားကတော့ ကျေနပ်နေသည်။ အပတ်ကြီး ထင်သည်။

"မြင့်ကတော့ တစ်ကားတည်းနဲ့ အကယ်ဒမီပဲဗျို့" ဟု မကြာခဏ အရှက်မရှိ ပြောတတ်သည်။ လှမြင့်အေးသည် သည်အတွက်လည်း အလွန် ကျေနပ်စွာ ဖြစ်နေတတ်သည်။ တစ်နေ့တခြားလည်း လူပါးဝဝလာသည်။ သင်ရာပြရာ၌ပင် ဂရုတစိုက်မရှိချင်ဖြစ်လာသည်။ ဝါရင့်မင်းသမီးကြီးများ မတတ်ဘဲနှင့် တတ်ယောင်ကားလုပ်သလို လူပါးဝပုံမျိုး ဖြစ်သည်။

မင်းသမီးတို့သည် နည်းနည်းဝါရင့်လာလျှင် မိမိအလုပ်အပေါ် မလေးမစားပြုတတ်လာသည်။ သရုပ်ဆောင်ရာ၌ ပြီးပြီးရော လုပ်ချင်သည်။ သူတို့ကိုယ်သူတို့ ပြည့်စုံပြီဟု ထင်တတ်ကြသည်။ တကယ်တော့ သရုပ်ဆောင်ပညာသည် ကုန်ဆုံးခြင်းမရှိသည်ကို သင်းတို့မသိ။

ထို့ကြောင့်ပင် သူတို့အဖြစ်သည် မင်းသမီး သက်တမ်းမကြာရှည်ခြင်း ဖြစ်သည်။ သရုပ်ဆောင်ရာ၌ ကျသောမျက်ရည်ကို ပေါ့တန်လိုက်သည်နှင့်... တကယ့်ဘဝ၌ ကျသောမျက်ရည်သည် လေးနက်ရတော့သည်။ တကယ့်ဘဝ၌ တကယ်ကျရသော မျက်ရည်သည် ဘယ်မှာကောင်းနိုင်ပါမည်နည်း။ မျက်ရည်ဆိုကတည်းက ကောင်းသော နိမိတ်ကို ဘယ်တော့မှမပေးတတ်ပါ။

ဤသို့အားဖြင့် တော်တော်အသုံးမကျသော မင်းသမီးကို ကိုယ်တိုင် ရိုက်ကူးခဲ့ရသည်မှာ ဇာတ်ကားသုံးပုံတစ်ပုံ ကျိုးသွားသည်။

ကျုပ် ပိုပင်ပန်းရသည်။ ဆရာဆင်ဖြူကျွန်းအောင်သိန်း၏ မူလဇာတ်ကောင်စရိုက် မပျက်စေရန် မင်းသမီးကို လုံးဝအားမကိုးတော့ပါ။ ဇာတ်ကွက်နှင့် ရိုက်ချက်ကို အားကိုးပြီး ရိုက်ကူးခဲ့ရပါသည်။

ကျုပ်စေတနာကို လှမြင့်အေးက နားမလည်၊ ကျုပ်ကို ကလန်ကဆန်လုပ်ချင်လာသည်။ ဤသို့ဖြင့် ကပေါက်ချိ ကပေါက်ချာနိုင်စွာ လုပ်ကိုင်ခဲ့ရသည်။

သို့ရာတွင် ကျုပ်... ပါးစပ်ပေါက်ဆိုးသဖြင့်တော့ ကျုပ်စေတနာကို မထိခိုက်နိုင်ဟူ၍သာ ကျုပ်ယုံကြည်ခဲ့သည်။ ခုတော့ ပြဿနာက မထင်မှတ်

mgyoe.com

mgyee.com


ဘဲ ဖြစ်လာသည်။ စောစောက ပြောခဲ့သလို ကျက်သရေကင်းမဲ့လှစွာသော ပိတောက်ပင်တစ်ပင်အောက်တွင် ဖြစ်လေသည်။

နေ့လယ်ပိုင်း ကားရိုက်နားချိန်တွင် ဖြစ်သည်။ သည်နေ့အလုပ်သမား ကလေးများ ပင်ပန်းကြသည်ကို အကြောင်းပြု၍ ကျုပ်က အချိန်အတော် ကြာကြာလေး အနားပေးထားသည်။

ကိုယ့်အုပ်စုနှင့်ကိုယ် အရိပ်ရသော သစ်ပင်ခြေဖျားတွင် ထိုင်နားနေကြသည်။ ကျုပ်နှင့်အတူ ကုမ္ပဏီပိုင်ရှင် ကိုဘိုကေ၊ ကင်မရာဆရာ၊ အသံဆရာ၊ ဓာတ်ညွှန်းဆရာတို့လည်း ရှိနေသည်။ ထူးခြားသည်မှာ သည်နေ့ ရိုက်သောအခန်းကို ဝတ္ထုရေးသူ ဆင်ဖြူကျွန်းအောင်သိန်းကလည်း လာရောက်ကြည့်ရှုနေသည်။ ကျုပ်အနီးတွင်ထိုင်၍ ရိုက်ပြီးခဲ့သည့်အကြောင်းများကို ဆွေးနွေးနေသည်။

ထိုအချိန်မှာပင် မလှမြင့်အေးသည် အသံတစာစာဖြင့် ရောက်လာသည်။ ဘယ်ချောင်က ထလာသည်မသိ၊ တရမ်းရမ်းတခါခါနှင့် အူမြူးနေသည်။

ခုနက ရိုက်ခဲ့သောအခန်းတွင် အလွန်စက်ဆုပ်ဖွယ်ကောင်းလောက်အောင် သရုပ်ဆောင်ခဲ့သည်ကိုပင် ဟုတ်လှပြီ ထင်နေပုံရသည်။

ကျုပ်နှင့် ဆင်ဖြူကျွန်းအောင်သိန်း ထိုင်နေရာတည့်တည့်တွင် ခြေပစ်လက်ပစ် လာထိုင်ချလိုက်သည်။ ခြေနှစ်ဖက်ကို ကြက်ခြေခတ်ထောင်ပြီး ဒူးနှစ်လုံးကို လက်ဖြင့်ပိုက်လျက် ထိုင်နေသည်။

အလုပ်အတွက် အလွန်စိတ်ပင်ပန်းလေဟန်ဖြင့် လက်ဖြင့် ယှက်ထားသော ဒူးပေါ်သို့ မျက်နှာမှောက်ချလိုက်သည်။ ကျုပ်က သိသည်။ သင်းသည် ဘယ်တော့မှ အနေအထိုင်မတတ်၊ သတိပေးခဲ့ဖူးပေါင်းလည်း မနည်းတော့။ ဘယ်လိုမှ ပြောမရခဲ့၊ ဝသီဖြစ်နေပြီ။

သည်တစ်ခါတော့ ကျုပ် စိတ်ဆိုးသည်။ ကျုပ်အလွန်လေးစားသော စာရေးဆရာတစ်ယောက်ရှေ့တွင်မှ ဤသို့ဖြစ်ရသည်။ ပြီးတော့ သူသရုပ်ဆောင်နေရသည်လည်း ထိုစာရေးဆရာ၏ဝတ္ထုထဲမှ ဓာတ်ကောင်အဖြစ်...

ဘာပဲဖြစ်ဖြစ် ဧည့်သည်တစ်ယောက်ရှေ့တွင် ပို၍ ဆင်ခြင်သင့်သည်။ ခုတော့ သင့်အဖြစ်က အောက်ကဟောင်းလောင်း မုန့်စိမ်းပေါင်း။

ထို့ကြောင့်ပင် စောစောကစကားကိုပက်ခနဲ ပြောပစ်လိုက်ခြင်း ဖြစ်သည်။

mgyee.com

mgyoe.com


"တစ်သက်လုံး မှတ်ထား၊ အနေအထိုင်မတတ်တာဟာ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ အခြေခံပဲလို့ ဘယ်တော့မှ မထင်နဲ့"

လှမြင့်အေး အကြီးအကျယ် ရှက်သွားသည်။ ကျုပ် သူနှင့်ကားရိုက်လာခဲ့သမျှ သည်တစ်ခါပဲ သူ့မျက်နှာတွင် အရှက်ဆိုသော အရာကို တွေ့ဖူးသေးသည်။ ဘယ်တုန်းကမှ အရှက်မရှိခဲ့သော မိန်းမ။

"ဆရာ ဘယ်လိုပြောလိုက်တာလဲ"

သူ့ထဘီစကို ကပျာကယာ ဆွဲဖုံးရင်း ကတုန်ကယင်ဖြင့် မေးသည်။

ကျုပ်မှာက လိုအပ်သောစကားကို တစ်ခါပြောပြီးလျှင် နောက်ထပ်ဘာမှထပ်ပြောလေ့မရှိ။ လှမြင့်အေးကို ကျုပ် ဘာမှထပ်မပြောတော့ပေ။

လှမြင့်အေးသည် ဆတ်ခနဲ မတ်တတ်ရပ်ပြီး ချာခနဲ လှည့်ထွက်သွားလေသည်။ သည်တော့မှ သူ့ယောကျ်ား ကိုဘိုကေကို ပြောရသည်။

"စိတ်မဆိုးနဲ့ ကိုဘိုကေ၊ ဒီလိုမပြောရင် ခင်ဗျားမိန်းမ ဒီအကျင့်ပျောက်မှာ မဟုတ်ဘူး"

ကိုဘိုကေကတော့ စိတ်ပူသွားသည်။ သူ့မိန်းမသည် စိတ်အလွန်ကောက်တတ်ကြောင်း သူအသိဆုံး၊ ကောက်ပြီဆိုလျှင်လည်း ယောကျ်ားဖြစ်သူအပေါ်သာ အကောက်များသည်။ လင်သားအပေါ် ခဏခဏစိတ်ကောက်တတ်သော မိန်းမသည် တစ်ပါးသော ယောကျ်ားများအပေါ် အလွန်သဘောကောင်းတတ်သည်။ ကိုဘိုကေသည် ထိုမိန်းမမျိုးအပေါ် အလွန်လိုက် လျောသူဖြစ်လေသည်။

ကိုဘိုကေသည် ကျုပ်ကို ဘာမျှမပြောဘဲ၊ လှမြင့်အေးနောက်သို့ သုတ်သုတ်သုတ်သုတ် လိုက်သွားလေသည်။ ဆရာဆင်ဖြူကျွန်းအောင်သိန်းက ရယ်မောလျက်...

"ခင်ဗျားကလည်း အပြောတယ်ကြမ်းသကိုး"

ဟု ကျုပ်ကို အားနာစကား ဆိုရှာပါသည်။ သို့ရာတွင် ကျုပ်ဂရုစိုက်မိသည်ကား ဆင်ဖြူကျွန်းအောင်သိန်း၏ မျက်လုံးတွင် သူ့ဝတ္ထုမှ အေးမိဆိုသော သူငယ်မကို အလွန်နှမြောတသနေခြင်း ဖြစ်လေသည်။

ကားရိုက်ပြန်စဖို့ ကျုပ် ရိုက်ကွင်းဘေးရောက်နေသည်မှာ နာရီဝက်ခန့်ရှိပြီ။ အားလုံးလည်း အသင့်ဖြစ်ပြီ။ မင်းသမီး ရောက်မလာသေး။ ဒါက

mgyoe.com

mgyoe.com


တော့ ရုပ်ရှင်ဥပဒေလို ဖြစ်နေသည်။ ရုပ်ရှင်လုပ်ငန်းတွင် အလုပ်အနည်းဆုံး ဖြစ်သော မင်းသား၊ မင်းသမီးတို့သည် ရိုက်ကွင်းပေါ်သို့ နောက်ဆုံးမှ ရောက်လာတတ်သည်။

သို့ရာတွင် ခု လှမြင့်အေး နောက်ကျနေခြင်းသည် သွေးရိုးသားရိုး မဟုတ်၊ သူ စိတ်ကောက်နေသည်။ သူ့ယောကျ်ားအပေါ် အမျိုးမျိုး ပြောဆို ဖွဲ့နွဲ့နေမည်။ ကျုပ်ကိုတော့ ဘယ်တော့မှ သူမလှန်ရဲ...။

ဘာပဲဖြစ်ဖြစ် အလုပ်မှာ ကသိကအောက်ဖြစ်လာပြီဆိုတော့ ကျုပ် စိတ်တိုသည်။

"ဟေ့... မင်းသမီး သွားခေါ်ကွာ၊ အားလုံး အသင့်ဖြစ်နေပြီလို့"

သွားခေါ်သောသူပြန်လာတော့ မင်းသမီးပါမလာ သူ့ယောကျ်ား ကိုဘိုကေသာ မျက်စိပျက် မျက်နှာပျက်နှင့် ပါလာသည်။ ကျုပ်ကို တစ်စုံ တစ်ရာ ပြောဖို့ရာ အားနာနေပုံရသည်။ သက်ပြင်းချခေါင်းကုတ်ပြီး သူ့မိန်းမ ထံ ပြန်ထွက်သွားပြန်သည်။

ကျုပ်က သိသည်။ လှမြင့်အေး စိတ်ကောက်နေပြီ။ သို့ရာတွင် အရင် အခါများကလို ခဏစိတ်ကောက်ခြင်းဖြစ်မည်ဟု ထင်သည်။ တော်ကြာနေ လျှင် သူ့ဘာသာ မျက်နှာချိုသွေး၍ ရောက်လာမည်။ သည်မိန်းမ၌ စိတ်တည် ငြိမ်မှု မရှိ။ ခု ဒါဆိုလျှင် တော်ကြာဟိုဟာ ဖြစ်တတ်သည်။

ပြီးတော့ ရုပ်ရှင်ရိုက်ရမည်ဆိုလျှင် ဘာဖြစ်ဖြစ်ဆိုသည့် အစားထဲက။

သူ မနေနိုင်။ ရိုက်ကွင်းပေါ်သို့ မကြာခင်လာမည်။

သည်တစ်ခါ ကျုပ် အံ့သြရပြီ။ ပထမဆုံးအကြိမ်အဖြစ် လှမြင့်အေး ကျုပ်ကို အာခံသည်။ နောက်ထပ် တစ်နာရီကြာသည်ထိ ပေါ်မလာ။ လင်မယားနှစ်ယောက်စလုံး ပေါ်မလာ။ ကောင်လေးတစ်ယောက်ကို ထပ်လွှတ်ရပြန်သည်။

"သွားစမ်းကွာ... ငါ စောင့်နေတယ်လို့"

ကောင်လေး ပြန်လာသည်။ ကျုပ်ကို ကြောက်ကြောက်ရွံ့ရွံ့ ပြောသည်။

"သူတို့လင်မယား ရန်ဖြစ်နေတယ်ဆရာ"

"အေး... ဒါဖြင့် သွားပြောချည်ဦး... ကိုဘိုကေကို ပြော၊ ရန်ဖြစ်မှာ

mgyoe.com

mgyoe.com


လား... ကားရိုက်မှာလား... အားမနာနဲ့လို့... ရန်ဖြစ်မယ်ဆိုရင် ကားရိုက် ဖြုတ်ပေးမယ်လို့"

ကောင်လေးနှင့်အတူ ကိုဘိုကေ ပြန်ပါလာသည်။

"ကိုစနေ... ကားရိုက်ဖြုတ်လိုက်ရင် ကောင်းမယ်ထင်တယ်ဗျာ..."

"ဘာလို့တုံး"

"မင်းသမီးက... သူ့ကို ခင်ဗျား လူကြားထဲမှာ ငေါက်လိုက်တာ သိပ်ရှက်သွားလို့တဲ့"

"လူကြားထဲမှာ ကိုးရိုးကားရား ထိုင်တာတော့ မရှက်ဘူးလား..."

"သူလည်း ရုတ်တရက် သတိမထားလိုက်မိလို့ပါဗျာ"

"အဲ့ဒီသတိမထားတာကိုက အသုံးမကျတာပဲဗျ"

"ဒါကတော့ဗျာ"

"ထားပါတော့ဗျာ... ဒီအကြောင်း ဆက်ပြောစရာ မလိုတော့ပါဘူး။ ကိုင်း... ကားရိုက်နားကြရုံပေါ့"

ကျုပ်ကတော့ ရှင်းသည်။ ကျုပ်တာဝန်ကျုပ် ကျေသည်။ ကုမ္ပဏီ ပိုင်ရှင်က ကားရိုက်သိမ်းမည်ဆိုတော့ ကျုပ် ဘာမှပြောစရာ မလို။ ရိုးရိုး သားသားပြောရလျှင် နည်းနည်းတော့ စိတ်မကောင်းဖြစ်ရသည်။ မင်းသမီး စိတ်ကောက်သဖြင့် ကားရိုက်ဖြုတ်ပေးလိုက်ရသည်ဆိုသည်မှာ တော်တော် အောက်တန်းကျသည့်ကိစ္စ ဖြစ်သည်။ ကျုပ်ရဲ့ စေတနာစကားတစ်လုံး ကြောင့် ခုလို အလုပ်ပျက်ရသည်မှာ စိတ်မကောင်းစရာ ဖြစ်သည်။

ကျုပ်ပြောလိုက်သောစကားသည် ဟုတ်သလား၊ မဟုတ်သလား၊ ပြောသင့်သလား၊ မပြောသင့်သလားဆိုသည်ကို အိမ်အပြန်တစ်လမ်းလုံး စဉ်းစားသည်။ စဉ်းစား၍ မရ။

အမှန်တော့ စဉ်းစားစရာမလိုဟု ထင်သည်။ သို့ရာတွင် အလုပ်ပျက်ရ လောက်အောင်ထိ ကျုပ်စကား တာသွားခဲ့သည့်အတွက်ကြောင့် စဉ်းစား ကြည့်နေမိခြင်းသာ ဖြစ်သည်။

ကျုပ်အဘွားက ကျုပ်ကို ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့သည်။ စကားကြီးဆယ်မျိုး ရှိသည်။ စကားပြောရာတွင် အမြဲဆင်ခြင်နိုင်စေရန် ဖြစ်သည်။

mgyoe.com

mgyoe.com


သို့ရာတွင် ကျုပ်သည့် ဘာ့ကြောင့်များ ယနေ့ထိ စကားပြော မဆင်ခြင်တတ်သေးသနည်း။

*

mgyoe.com

mgyoe.com

# (၁)

စကားတစ်ခွန်းကြောင့် ဘဝတစ်ခုပြောင်းရလိမ့်မည်ဟု ကျုပ်လုံးဝ မမျှော်လင့်ခဲ့။ အလွန်အောက်တန်းကျသော မိန်းမတစ်ယောက်ကို မှန်သော စကားဆိုခဲ့ပါလျက် ဘဝအသစ်တစ်ခု ပြောင်းရလိမ့်မည်ဟုလည်း မထင်မိခဲ့။

အပေါ်စားဆေးတစ်စက်သည် ပန်းချီကားချပ်ကိုသာမက ပန်းချီဆရာကိုပါ ထိလိုက်စေခဲ့ပြီ။

ကျုပ်ကလည်း ကြိုတင်တွက်ထားပြီး ဖြစ်၏။ လှမြင့်အေးတို့ လင်မယား ညပိုင်း ကျုပ်အိမ်ကိုရောက်လာလိမ့်မည်ဟု။ ထင်သည့်အတိုင်း ရောက်လာကြသည်။

နှစ်ယောက်စလုံး မျက်နှာမကောင်းကြ။

ကျုပ်ကတော့ ထုံးစံမပျက်ပင် ဧည့်ခံသည်။ မနက်ကကိစ္စကို မေ့ထားလိုက်ပြီး ဖြစ်သည်။ သူတို့လင်မယား သည်ကိစ္စအတွက်ပင် လာကြမှန်းတော့ သိသည်။ သို့ပေမယ့် ကျုပ်စိတ်ထဲမှာ မနက်ကကိစ္စသည် ပြီးပြီးပျောက်ပျောက် ဖြစ်နေပြီ။ ကျုပ်အဖို့ ဘာမဟုတ်သည့် ကိစ္စတစ်ခုအတွက် ခေါင်းထဲတွင် ကြာကြာထားစရာအကြောင်းမရှိ။

m.gyoe.com

mgyoe.com


သူတို့လင်မယား တော်တော်နှင့် စကားမစသဖြင့် ကျုပ်ကပင် အလိုက်သိလိုက်ရသည်။

"ကိုင်း... ပြော၊ မနက်ကကိစ္စအတွက် မဟုတ်လား"

ပြိုင်တူခေါင်းညိတ်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ကျုပ်ကပဲ ဆက်ပြောရသည်။

"ကျုပ် ဘာလုပ်ပေးရမလဲ"

လှမြင့်အေး ပျာပျာသလဲ ဝင်ဖြေသည်။

"မဟုတ်ဘူး... ဆရာ့ကို တောင်းပန်ချင်လို့ပါ"

"ကဲ... တောင်းပန်ချင်လည်း မြန်မြန်တောင်းပန်"

ဘာကြောင့်မှန်းမသိ။ သူတို့ကြောင် အ,အဖြစ်သွားကြသည်။ ကျုပ်ကတော့ ပြီးပါစေတော့ဟု ပြောခြင်းဖြစ်သည်။ ကိုဘိုကေက လှမြင့်အေးကို မျက်စတစ်ချက်ပစ်ပြလိုက်သည်။ လှမြင့်အေးသည် ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ဆင်းလိုက်သည်။ ကျုံ့ကျုံ့ထိုင်လိုက်သည်။ ကျုပ်မတားမြစ်နိုင်ခင်မှာပင် လှမြင့်အေးသည် ကျုပ်ကို ဦးသုံးကြိမ်ချကန်တော့လေသည်။

သည်အတွက် ကျုပ် လုံးဝနားမလည်နိုင်ပါ။ သင်း ဘာကြောင့် ကျုပ်ကို ကန်တော့ရသနည်း။ ကန်တော့ရလောက်အောင် သင်း ကျုပ်ကို စော်ကားခြင်း မရှိခဲ့။ မလိုအပ်ဘဲ အပိုတွေ လုပ်သည့်အကျင့်ကို ကျုပ်မကြိုက်။

"ဘာပြုလို့ မလိုအပ်ဘဲ ကန်တော့နေရတာတုံး၊ တောင်းပန်မယ်ဆိုလည်း ရိုးရိုးပါးစပ်နဲ့ တောင်းပန်လည်း ပြီးတာပဲ၊ ဘာတုံး ကျုပ်ကို လာအရွဲ့တိုက်တာလား"

လှမြင့်အေး ဖျတ်ခနဲ မော့ကြည့်သည်။ သူ့မျက်လုံးတွင် မာနရိပ်ကို တွေ့လိုက်ရသည်။ ကျုပ်စိတ်ထဲမှာ တစ်ခုခုကို ကြိုသိလိုက်သည်။ လှမြင့်အေးက ကျုပ်ကို စူးစိုက်ကြည့်ရင်း တစ်လုံးချင်း ပြောသည်။

"လိုအပ်လို့ ကန်တော့တာပါ ဆရာ၊ အကြောင်းရှိပါတယ်"

ထိတ်ခနဲ ဖြစ်သွားရသည်။ မိန်းမတစ်ယောက်၏ စကားကြောင့် ပထမဆုံးအကြိမ်အဖြစ် ရင်ထိတ်ရဖူးပြီ။ သူ့စကားသည် ကျုပ်ဘဝအတွက်

mgyoe.com

mgyoe.com


အပြောင်းအလဲတစ်ခုခု ဖြစ်လာတော့မည်ကို ကြိုသိနေသည်။ ကျုပ်ထင်လျှင် လွဲခဲသည်။

"ကဲ... ဒါဖြင့် ဆိုစမ်းပါဦး"

လှမြင့်အေး ပါးစပ်ပြင်သည်။ ကိုဘိုကေက လှမြင့်အေး၏ပခုံးကို လှမ်းတို့ပြီး တားလိုက်သည်။ ကိုဘိုကေက စကားစမည့်ဟန်ပြင်ပြီးမှ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

ကျုပ်က သည်လိုစကားပြော ငန့်တန့်တန့်ဖြစ်နေသည်ကို စိတ်မရှည်တတ်။ သူတို့ပြောမည့်စကားကို ကျုပ်စိတ်ထဲ ထင်သည့်အတိုင်း ပြောချလိုက်သည်။

"ဘာတုံး... ဒီကားကို ကျုပ်နဲ့ ဆက်မရိုက်ချင်ကြတော့ဘူး မဟုတ်လား"

နှစ်ယောက်စလုံး ရေငုံနေကြသည်။ သည်လိုဆို ကျုပ် ထင်သည်မှာ မှန်သည်။ ကိုဘိုကေက သူ၏ရုပ်ဆိုးလှသော လည်ဇလုပ်ကြီးကို တစ်ချက်လှုပ်ရင်း မျက်နှာချိုဝင်သွေးသည်။

"ဒီလိုပါ... ကိုစနေ... ခုပြောမယ့်ကိစ္စက မနက်ကဖြစ်တဲ့ပြဿနာနဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်တော် ရှင်းပြပါ့မယ်"

ဘာပဲပြောပြော သင်းတို့သည် စကားကို အချိုသတ်ပြောတတ်သော အမျိုးဖြစ်သည်။ သည်လို ကုမ္ပဏီပိုင်ရှင်မျိုးတွေ ကျုပ် ဒုနဲ့ဒေးတွေ့ခဲ့ဖူးပြီး ဖြစ်သည်။ ထို့ကြောင့် သူ့စကားကို ဖြတ်ဝင်ဖြတ်လိုက်သည်။

"လုပ်မနေနဲ့... လုပ်မနေနဲ့ ကျုပ်က စကားရဲ့နောက်က စေတနာတွေကို သိပ်သိတယ်"

လှမြင့်အေးသည် ကြမ်းပြင်ပေါ် ထိုင်နေရာမှ သူ့ယောကျ်ားနံဘေး ကုလားထိုင်ပေါ် တက်ထိုင်လိုက်သည်။ သူ့ဟန်သည် ကျုပ်ကို တန်းတူသဘောထားပြီး ဆက်ဆံတော့မည့်သဘောဖြစ်သည်။ သူ့ယောကျ်ားကို တစ်ချက်လှည့်ကြည့်ပြီး ကျုပ်ကို မျက်နှာချင်းဆိုင်သည်။

"ကျွန်မတို့ခုလာတာဟာ ဆရာနဲ့ အေးအေးချမ်းချမ်း စကားပြောရအောင်ပါ ဆရာ... ခုတော့"

'ငါ... ဒီလိုပဲ စကားပြောတတ်တာ နင် မသိဘူးလား"

mgyoe.com

mgyoe.com


"ဘာပဲဖြစ်ဖြစ် ဆရာပြောနေပုံက သိပ်တစ်ဖက်သတ်ကျလွန်းပါတယ်"

"လူဆိုတာ ကိုယ့်ဘက်ကကို စကားပြောတတ်တာချည်းပဲ၊ နင်တို့လည်း နင်တို့ဘက်က ပြောဖို့လာတာ မဟုတ်လား၊ တဲ့တိုးပြောတာနဲ့ ဝေ့လည်ကြောင်ပတ်ပြောတာပဲ ကွာတာပဲ"

လှမြင့်အေးသည် သိသိသာသာကြီး မာကျောခက်ထန်လာသည်။ သူ့နှုတ်ခမ်းကတော့ မထေ့တထေ့ ပြုံးနေသည်။

"ကောင်းပြီ ဆရာ... ကျွန်မတို့ တဲ့တိုးပဲ ပြောကြရအောင်ပါ"

တကယ်တော့ ပြတ်သားသောသူနှင့် မပြတ်သားသောသူသည် ကွာခြားပါသည်။ တဲ့တိုးပဲ ပြောကြရအောင်ဟုပြောပြီးမှ လှမြင့်အေးသည် နှုတ်ဆွံ့နေသည်။ ကိုဘိုကေဆိုသည့် ကျုပ်မိတ်ဆွေသည်လည်း ခေါင်းတရမ်းရမ်းနှင့် သက်ပြင်းသာချနေသည်။

ကျုပ် စိတ်မရှည်ပါ။ အတန်ကြာမှ လှမြင့်အေးက စကားစသည်။ သူ့လေသံကို အတတ်နိုင်ဆုံး ချိုသာအောင် ကြိုးစားပြီး ပြောသည်။

"အမှန်အတိုင်း ပြောရရင် ဒီကားစရိုက်ကတည်းက ကျွန်မစိတ်မချမ်းသာခဲ့ဘူး ဆရာ၊ ကျွန်မလို ဒုတိယမင်းသမီးတစ်ယောက်အဖို့ ဒီလို မင်းသမီးဇာတ်ကွက်များတဲ့ ကားတစ်ကားမှာ ပီပီပြင်ပြင် သရုပ်ဆောင်ခွင့်ရလိုက်ရင် တစ်ချက်တည်းနဲ့ နာမည်ကြီး တစ်ယောက်ဖြစ်သွားမယ်လို့ ထင်ခဲ့ပါတယ်။ ခုတော့ စပြီးရိုက်ကတည်းက ကျွန်မ သတိထားကြည့်တယ်၊ ဆရာက ကျွန်မ လုပ်နိုင်သလောက် လုပ်ခွင့်မပေးခဲ့ဘူး၊ ထိန်းချုပ်ထားတယ်၊ ဇာတ်ကောင်ထက် ဇာတ်လမ်းပိုင်းသာ ဆရာ ဦးစားပေးရိုက်ခဲ့တယ်"

သူ့ကို ဘယ်သူကများ သည်စကားမျိုးတွေ သင်ပေးလိုက်သည် မသိပါ။ အလွတ်ကျက်ထားသော စကားတွေမှန်း သိသာနေသည်။ ပြီးတော့ သူပြောသောစကားတွေ အားလုံးမှန်သည်။ လုပ်နိုင်လျှင် မင်းသမီး အကယ်ဒမီပါ ရနိုင်သည်။ ခက်သည်က သူမလုပ်နိုင်ခြင်း ဖြစ်သည်။ မလုပ်နိုင်ဘူးပဲထားဦး၊ လုပ်နိုင်သလောက် ကြိုးစားလုပ်တာမျိုးဆိုလျှင် တော်သေးသည်။ ခုတော့ သင်းက ဝတ္ထုထဲက ဇာတ်ကောင်၏စရိုက်ကို မလုပ်နိုင်ရုံမက ပျက်စီးသွားစေသည့် ဆန့်ကျင်ဘက်စရိုက်များကို လွန်လွန်ကြူးကြူး လုပ်နေသည်။ သည်အတွက် ကျုပ်မှာ ထိန်းသိမ်းနေရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


"နင်မှ မလုပ်နိုင်ဘဲ"

"ဘာလို့မလုပ်နိုင်ရမှာလဲ ဆရာ... ဒီဇာတ်လမ်းနဲ့လိုက်တဲ့ မင်းသမီး မြန်မာပြည်မှာ ကျွန်မတစ်ယောက်ပဲရှိတယ်လို့ ပြောနေကြတာပဲ"

"နင့်ဆွေမျိုးတွေကလား"

"စာစောင်ကလည်း ရေးတာပါပဲ ဆရာ"

"အဲ့ဒီစာစောင်ကို ပါးလျက်နားလျက်နဲ့ နင့်ယောကျ်ား ကိုဘိုကေ ကိုယ်တိုင်ရေးပြီး သတင်းပေးခဲ့တာ ငါ မသိဘူး မှတ်သလား"

"ဘာပဲဖြစ်ဖြစ် ဇာတ်လမ်းထဲပါသလောက်တော့ ဆရာပေးရမှာပေါ့၊ ဘာလို့ဆရာက ထိန်းချုပ်ထားချင်ရတာလဲ"

"ဇာတ်လမ်းထဲ ပါသလောက်သာ နင့်ကို လုပ်ခွင့်ပေးရရင် အဲဒီဇာတ် လမ်း သုံးလို့တောင်ရမှာမဟုတ်ဘူး... သိလား"

"ဆရာ ကျွန်မကို ဒီလောက်တော့ အထင်မသေးသင့်ပါဘူး"

လှမြင့်အေးအသံက သိသိသာသာကြီး မာလာသည်။ ကိုဘိုကေက လှမြင့်အေးကို လက်တို့ပြီး ဝင်ပြောသည်။

"ဒီလိုပါဗျာ... ကိုစနေ ပြောတာကို ကျွန်တော်တို့လည်း သဘော ပေါက်ပါတယ်၊ ဇာတ်ကောင်ကို ဦးစားပေးလိုက်ရင် ဇာတ်လမ်းကို ထိခိုက် မယ်ဆိုတာ..."

"မဟုတ်ဘူး... ကိုဘိုကေ၊ ဇာတ်ကောင်ကသာ ပီပီပြင်ပြင်လုပ်နိုင်ရင် ဇာတ်လမ်းကို ထိခိုက်စရာမရှိပါဘူး၊ ခုဟာက မပီပြင်လို့ ပြောနေတာ..."

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ... ကျွန်တော့်သဘောကတော့ မြင့်ကို ဒီတစ် ကားတည်းနဲ့ ထိပ်တန်းမင်းသမီးတစ်လက် ဖြစ်စေချင်လို့ပါ... ဒီတော့ ဇာတ်လမ်းပျက်ချင်ပျက်ပါစေ... ဇာတ်ကောင်ကို များများဖော်ပြပြီး"

သူ့စကားမဆုံးခင် ကျုပ် ဝုန်းခနဲ ထရပ်ပစ်လိုက်သည်။ ဇာတ်ကောင် နှင့် ဇာတ်လမ်းအကြောင်း နကန်းတစ်လုံးမျှ မသိဘဲနှင့် လူတစ်ယောက် ဖျစ်ညှစ်ဖန်တီးထားရသော ဝတ္ထုတစ်ပုဒ်ကို သည်လိုဖျက်ဆီးပစ်ဖို့ စဉ်းစား သည်မှာ ဒေါသဖြစ်စရာကောင်းလှသည်။

ရုပ်ရှင်လောကမှာ သည်လိုထုတ်လုပ်သူ များစွာရှိသည်။ ငွေအတွက် သော်လည်းကောင်း၊ မိမိ၏သားမယားအတွက်သော်လည်းကောင်း၊ မိမိ၏

mgyoe.com

mgyoe.com


လင်ငယ်၊ မယားငယ်အတွက်သော်လည်းကောင်း၊ ဝတ္ထုဇာတ်လမ်းများကို ဖျက်ဆီးပစ်နေကြသည်။ သူတို့သည် ဝတ္ထုတစ်ပုဒ်၏အနှစ်သာရကို လုံးဝ မသိကြ။ တစ်နေ့ပြားခုနစ်ဆယ်နှုန်းဖြင့် ငှားဖတ်ပြီး ပရိသတ်ကြိုက် ဇာတ်လမ်းကို ရှာဖွေနေကြရုံသာ ရှိကြသည်။

ခုလည်း ကိုဘိုကေ၏စကားသည် ဘယ်လောက်အောက်တန်းကျသနည်း။ ဝတ္ထုရေးဆရာကြားလျှင် ဘယ်လောက်ရက်စရာကောင်းမည်နည်း။

သူ့ပိုက်ဆံထုတ်ရိုက်သောကားမို့ မူလဝတ္ထုဖြစ်ချင်ရာဖြစ်၊ သူ့မိန်းမ လုပ်ချင်တာ လုပ်ရဖို့သာ အဓိကဟု ဆိုလိုက်ခြင်းဖြစ်သည်။

"မဖြစ်နိုင်ဘူး... လုံးဝမဖြစ်နိုင်ဘူး... ဒါမျိုးတော့ ကျုပ်တစ်သက်လုံး မလုပ်ပေးနိုင်ဘူး"

လှမြင့်အေး၏အပြုံးကို မြင်လိုက်ရသည်။ သူ့အပြုံးသည် လိုတာရသွားသော မိန်းမပျက်တစ်ယောက်၏အပြုံးမျိုး ဖြစ်သည်။

"အဲဒါပါပဲ ဆရာ၊ ကျွန်မတို့ ခုလာကြတဲ့ကိစ္စကလည်း ဆရာလုပ်မပေးချင်ရင် ကျွန်မတို့ဘာသာ ဆက်လုပ်ဖို့ပါပဲ"

ရုတ်တရက် ဘာပြန်ပြောရမည်မသိဖြစ်သွားသည်။ သာမညတွေးလျှင်တော့ ဘာမှမဟုတ်ဟု ထင်စရာရှိသည်။ သေသေချာချာ တွေးကြည့်လျှင် ဒါရိုက်တာ တစ်ယောက်ကို ကုမ္ပဏီပိုင်ရှင်က အလုပ်ဖြုတ်နေခြင်းဖြစ်သည်။

သည်ကိစ္စမျိုးက ရုပ်ရှင်လောကမှာ ရှုပ်တတ်မြဲ ဖြစ်သည်။ ဖြစ်လာပြီဆိုလျှင် တော်တော်နှင့် ရှင်းလို့မပြီးတတ်၊ အချင်းချင်းအချီအချ စကားတွေများကြ၊ ရုပ်ရှင်ကောင်စီ တိုင်ကြ၊ ပြန်ကြားရေးဝန်ကြီးထံ စာတင်ကြနှင့် အတောမသတ် ဖြစ်ကုန်တတ်သည်။

ပြေလည်စရာရှိတော့လည်း လွယ်လွယ်လေးဖြစ်တတ်သည်။ ရယ်စရာတော့ ကောင်းသည်။ လျော်ကြေးပေးလိုက်ရုံနှင့် ပြီးသွားသည်။ ခုလည်း ကျုပ်ဘာမှပြန်မပြောနိုင်ခင်မှာ လှမြင့်အေးက ငွေစကား ပြောလာသည်။

"ဒီအတွက်လည်း ဆရာနဲ့ပြဿနာ အရှည်အရှည် မဖြစ်ချင်ပါဘူး ဆရာ။ ဆရာဟာ မိတ်ဆွေဆိုလည်း ဟုတ်တယ်။ ဆရာသမားဆိုလည်း

mgyoe.com

ဟုတ်ပါတယ်။ ဒီတော့ ဆရာရဲ့ညဏ်ပူဇော်ခကိုလည်း ကျွန်မတို့ အပြည့် ပေးပါ့မယ်"

"ဘာတုံး... ငွေပေးပြီး ငါ့ကို အလုပ်ဖြုတ်တာလား မိလှမြင့်၊ ဟင်... ငါ့စေတနာကို နင်တို့ ခုထိနားမလည်သေးဘူး။ ဓာတ်ကားကို ဖျက်ဆီးပစ်ဖို့ဆိုတာ ဒါရိုက်တာရဲ့ အလုပ်မဟုတ်သလို ဓာတ်ကားတစ်ကားကို မရိုက်ဖို့ အတွက် ငွေယူရတယ်ဆိုတာလည်း ဒါရိုက်တာရဲ့ အလုပ်မဟုတ်ဘူး..."

"ဟုတ်ပါပြီလေ... ဒီဓာတ်ကားကို ဆရာ မဖျက်ဆီးချင်လည်း နေပါ၊ ကျွန်မတို့ကပဲ ဖျက်ဆီးပါ့မယ်လို့..."

လှမြင့်အေးရဲ့ မထေ့တထေ့ ပြောလိုက်သော အိုက်တင်သည် ပါးရိုက်ပစ်ချင်လောက်အောင်ပင် ကောင်းသည်။

"နေစမ်းပါဦး... ငါက ဒါရိုက်တာနေရာက ဖယ်ပေးမယ်လို့ကော ပြောသေးလို့လား..."

နှစ်ယောက်စလုံး ငိုင်ကျသွားသည်။ အကယ်၍သာ ကျုပ်က ဖယ်မပေးဘူးဆိုလျှင် ပြဿနာက အရစ်ရှည်တော့မည်၊ ဓာတ်ကားကြန့်ကြာတော့မည်။ ခုအခါ ဓာတ်ကားတစ်ကား ပြီးမြောက်ဖို့ရာ အလိုလိုကမှ ကြာရသည့်အထဲ။ ပြဿနာ တစ်စုံတစ်ရာပေါ်လာလျှင် ကြာသည်ထက် ကြာမည်။

သို့ရာတွင် တကယ်တမ်းကျတော့ ကျုပ်မှာ သည်လိုစေတနာဆိုးမျိုး မရှိပါ။ စကားနိုင်လုခြင်းမျိုး မဟုတ်သော်လည်း သင်းတို့လင်မယားကို ခြောက်လှန့်လိုသောဆန္ဒကား ကျုပ်မှာ ရှိနေသည်။

တကယ်တော့လည်း လှမြင့်အေး ပြောသော ကျုပ်အတွက် ညဏ်ပူဇော်ခ အပြည့်ပေးမည်ဆိုခြင်းမှာ ကျုပ်က သူတို့ကိုပေးရန်ရှိနေသော အကြွေးသုံးသောင်းခွဲခန့်ကို မပေးပါနှင့်တော့ဟု ဆိုလိုခြင်းမျှသာ ဖြစ်ပါသည်။

ကျုပ်လို ဒါရိုက်တာတစ်ယောက်ကိုရော၊ ကျုပ်ထံမှ ရရန်ရှိသော ငွေသုံးသောင်းခွဲကိုပါ စွန့်လွှတ်ရဲသည်မှာ သင်းတို့၌ အကြံတစ်ခုခုတော့ ရှိပြီထင်သည်။ မည်သို့ပင်ရှိစေ ဤကိစ္စမှာ ကျုပ်နှင့်မဆိုင်ပါ။ စီးပွားရေးသမားတို့မည်သည် အမြဲတမ်း ရုပ်ထွေးလျှို့ဝှက်နေမြဲ မဟုတ်လား။ အနုပညာသည်သည် ဤလိုအရှုပ်အထွေးမျိုးကို လိုလားသူ မဟုတ်။

mgyoe.com

mgyoe.com


"ငါ့ဆီက အကြွေးကို ဒီနည်းနဲ့ တောင်းတာလည်း ငါသဘောပေါက်တယ်။ ခုကိစ္စနဲ့ပတ်သက်လို့ ငါ့မှာ စဉ်းစားစရာ နှစ်လမ်းပဲရှိတယ်။ ဒါရိုက်တာ နေရာက ငါလုံးဝဖယ်မပေးဖို့နဲ့ အခကြေးငွေတစ်ပြားမှမယူဘဲ ဖယ်ပေးဖို့ ဒါပဲ။ ကဲ... ငါမနက်ဖြန် အကြောင်းပြန်မယ်၊ ပြန်ကြတော့..."

ကျုပ်စဉ်းစားရပြီ။ များများစားစားတော့ စဉ်းစားစရာ မရှိ။ ရိုက်လက်စကားကို သူတို့ထံပြန်အပ်မည်လား။ ကျုပ် ဆက်ရိုက်မည်လား။ ပြန်အပ်လိုက်လျှင် ပြဿနာ ဘာမျှမရှိတော့။ ကျုပ်ဆက်ရိုက်မည်ဆိုလျှင် ပြဿနာဖြစ်ရတော့မည်။ သူတို့ကလည်း အေးအေးဆေးဆေးတော့ လုပ်ကြလိမ့်မည် မဟုတ်။

ကောင်စီရောက် ဟိုရောက်သည်ရောက် ဖြစ်မည်။ ကိုယ့်ဘာသာကိုယ် ရှင်းရမည့်ကိစ္စကို အများသူငါရှေ့တွင် ငြင်းရခုံရမည်။ လူကြီးတွေက ပြဿနာ၏ဇာစ်မြစ်ကို မေးမည်။ ဘာပြန်ဖြေရမည်နည်း။

သူတို့ဘက်က မင်းသမီးကို ဇာတ်ကွက်မပေးသဖြင့် သည်ဒါရိုက်တာနှင့် ဆက်မရိုက်ချင်တော့ပါဟု ပြောမည်။

ကျုပ်ဘက်က ဘာပြောမည်နည်း။ ရိုက်ချင်လို့ ရိုက်သည်ဆိုသောစကားအပြင် တခြားဘာမှ ပြန်ပြောစရာ မရှိ။

သူတို့ဘက်က လျော်ကြေးငွေပေးပါမည်ဟု ဆိုပါမည်။ ကျုပ်က မယူနိုင်ဟု ပြောရမည်။

ထုံးစံအတိုင်းဆိုက လျော်ကြေးငွေပေးသည်ဆိုလျှင် ပြဿနာပြီးရမြဲ ဖြစ်သည်။

မကြာလိုက်ပါ။ ဆုံးဖြတ်လိုက်သည်။

လှမြင့်အေးနှင့် ဆက်ပြီးအလုပ်မလုပ်ချင်သည့် အချက်တစ်ချက်တည်းနှင့်ပင် ဆုံးဖြတ်ပစ်လိုက်သည်။

သူတို့လက်ထဲ သူတို့ဇာတ်ကား ပြန်အပ်လိုက်တော့မည်။ သို့ရာတွင် သူတို့ထံမှ အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မယူတော့။ သူတို့ဇာတ်ကားကို ကျုပ်ရိုက်ခဲ့သည်မှာ ဇာတ်ကား သုံးပုံတစ်ပုံသာ ကျိုးသေးသည်။

အလုပ်မလုပ်ဘဲ ငွေမလိုချင်ပါ။

ငွေမလိုချင်ပါဟုဆိုသော်လည်း သည်ဇာတ်ကားအတွက် ဒါရိုက်တာခ

mgyoe.com

mgyoe.com


ကို ကျူပ်ရစရာအကြောင်းမရှိ။ သူတို့ထံ ဆပ်ရန်ရှိသောအကြွေးကို ဒါရိုက်တာခ နှင့် ချေပစ်ရန်သာ ဖြစ်သည်။

သည်တော့ သူတို့ကို စကားပြန်စရာတစ်မျိုးသာ ရှိတော့သည်။ သူတို့ ဇာတ်ကားကိုလည်း ပြန်ယူတော့။ ယခင်တင်ခဲ့သည့် အကြွေးကိုလည်း ဆပ်ဦးမည်။

တစ်ခါတစ်ခါ မာနကြီးရသည်မှာ ထိခိုက်နစ်နာလှပါသည်။

*

mgyoe.com

mgyoe.com

(၂)

ဒါရိုက်တာဆိုသည်မှာ ပိုက်ဆံချမ်းသာသောသူ မဟုတ်။ နာမည်ကြီးကောင်းကြီးမည်။ ငွေကြေးတော့ ချမ့်းသာခဲသည်။

အထူးသဖြင့် ကျုပ်တို့လို ဒါရိုက်တာမျိုး။ ကျုပ်ကဲ့သို့ အယူအဆသစ်ဖြင့် ရုပ်ရှင်ရိုက်နေကြသော ဒါရိုက်တာ လေးငါးဆယ်ယောက်တော့ ရုပ်ရှင်လောကမှာ ရှိသည်။ ထိုလေးငါးဆယ်ယောက်စလုံး ကျုပ်ကဲ့သို့ပင် စုတ်ပြတ်သတ်နေကြသည်။ လမ်းဟောင်းမှ ခွဲထွက်သူများသည် သည်သို့ပင် ဒုက္ခရောက်ရစမြဲဖြစ်သည်မဟုတ်လား။

"သိပ်တိုးတက်တယ်"

"သိပ် မာနကြီးတယ်"

"သိပ် တော်တယ်"

"အတွေးအခေါ် သိပ်မြင့်တယ်"

"ဇာတ်ကား အဆင့်မြင့်တယ်"

အထက်ပါ ထောမနာစကားများကြောင့် ယောင်၍များဘဝင်မြင့်မသွားလိုက်ပါနှင့်။ ထိုစကားများနောက်မှ ကပ်ပါလာတတ်မြဲဖြစ်သောစကားတစ်ခွန်းရှိပါသေးသည်။

mgyoe.com

mgyoe.com

"အဲဒါကြောင့် သူတို့ကားတွေဆို ပရိသတ်က လိုက်မမီတော့ဘူး... ပရိသတ်က နိမ့်တယ်လေ။ နယ်မှာဆိုရင် ပိုဆိုးတာပေါ့။ ဘယ်သူမှမကြည့်တတ်ကြဘူး..."

ဝမ်းရောဂါပိုးကို ပျားရည်နှင့် နယ်ကျွေးသောစကားများဖြစ်လေသည်။ ထိုသို့သောဇာတ်မျိုး ရိုက်ကူးသူ ဒါရိုက်တာကို အဘယ်ရုပ်ရှင်ထုတ်လုပ်သူက ငှားရမ်းပါတော့မည်နည်း။

ကျုပ်သည် အထက်ပါ အရည်အချင်းနှင့် ပြည့်စုံသောလူငယ်ဒါရိုက်တာတစ်ဦးဖြစ်လေသည်။

ပရိသတ်ကို ငယ်ထိပ်မှကိုင်ပြီး ချာချာလည်သွားအောင် လုပ်ဖို့ရာမှာ သိပ်ခက်သောကိစ္စ မဟုတ်ပါ။ ပရိသတ် ဘာကြိုက်သနည်း။ သူတို့ကြိုက်တတ်တာကို ပေးလိုက်ပါ။ ဇာတ်ကား ပိုက်ဆံရပါသည်။

ပရိသတ်ဆိုသည်မှာ အလွန်နုနယ်သော ကလေးသူငယ်နှင့် ပမာတူသည်။ အနုပညာသည်ဆိုသည်မှာ ပရိသတ်၏မိခင်သဖွယ်ဖြစ်လေသည်။ နေရာတကာ အလိုမလိုက်အပ်ပါ။ မိခင်သည် ရင်သွေး၏ကောင်းစားရေးကို ရှေးရှုသူသာ ဖြစ်ရပါမည်။

ပရိသတ်အကြိုက်ကိုချည်း လိုက်ဖန်များသောအခါ ပရိသတ်ပျက်စီးသွားတတ်ပါသည်။ ကျုပ်သဘောကို ပြောရလျှင် သည်နေ့ ပရိသတ်သည် ကောင်းကောင်းကြီး အဖျက်အဆီး ခံထားရလေပြီ။ ရုပ်ရှင်ကို ပေါ့ပျက်ပျက်ခံစားကြည့်ရှုနေလေပြီ။ သည်ကိစ္စနှင့်ပတ်သက်၍တာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ ရုပ်ရှင်ဖန်တီးသူများသာ ဖြစ်သည်။

အနုပညာဆိုတာ လက်နက်ကို ပိုင်ဆိုင်ထားပြီပဲ။ လူ့နှလုံးသားနှင့် ဦးနှောက်ကို ကြိုက်သလို ပုံသွင်းနိုင်ပါသည်။ မိမိလိုရာကို ပရိသတ်မလိုက်လိုက်အောင် စွမ်းဆောင်နိုင်ပါသည်။

ဤနေရာတွင် ပြဿနာတစ်ခုရှိနေသည်။ အနုပညာသည်ဆိုသော သတ္တဝါသည်လည်း ထမင်းစားသော အမျိုးအစားပင် ဖြစ်သည်။ သူသည်လည်း ထမင်းအငတ်မခံနိုင်၊ ထိုအခါ ထမင်းငတ်မည့်ကိစ္စကိုတော့ ကြောက်သည်။

ဤသို့အားဖြင့် ထမင်းကျွေးနေသော ပရိသတ်ကို အလိုလိုက်မြဲလိုက်နေခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


သို့ရာတွင် ထမင်းမငတ်ရုံ မဟုတ်တော့ဘဲ ဆန္ဒလောဘများ အားကြီးလွန်းလာလျှင်တော့ မကောင်းပါ။ လူတန်းစေ့နေနိုင်ဖို့ ငွေရှာသည်မှာ ကောင်းပါသည်။ မယားငယ်ယူဖို့ထိ ဖြစ်လာတတ်သည်ကတော့ အမြင်ကတ်စရာကောင်းလှသည်။ ကျုပ်ပြောနေသော ပရိသတ်ကို ဖျက်ဆီးနေသူများမှာ သင်းတို့ကို ဆိုလိုခြင်း ဖြစ်သည်။

ဟိုတစ်လောကဆိုလျှင် ရုပ်ရှင်အနုပညာသည် စီးပွားရေးဈေးကွက်ကြီးလိုပင် ဖြစ်ခဲ့ရသည်။ နည်းနည်းကလေး ပိုက်ဆံရှိလာသည်နှင့် ရုပ်ရှင်ရိုက်ကြတော့သည်။ ရုပ်ရှင်ရိုက်သူများလာလျှင် ရုပ်ရှင်သမားအဖို့ အားတက်စရာပင် မဟုတ်လား။ မဟုတ်ပါ။ ဖောင်းပွမှုများ ဖြစ်လာသည်။

ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ပါလာတော့သည်။ မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ စသည်ဖြင့် နလပိန်းတုံးတွေက နေရာဝင်ယူကြသည်။

တကယ်တမ်းကျတော့ ပရိသတ်ကို အထင်သေးလွန်း၍ မရပါ။ ပရိသတ်သည် စော်ကားလွန်းလျှင် ဘယ်တော့မှ သည်းမခံတတ်။ ချက်ချင်းလက်တုံ့ပြန်တတ်သည်။

စီးပွားရေးသမားများ ဝင်ရောက်နေရာယူလာကြပြီး ဘာမှမကြာလိုက်ခင် ရုပ်ရှင်လုပ်ငန်းများ ကျဆင်းသွားလေသည်။ ဝမ်းနည်းစရာကောင်းသည်တော့ တစ်ခုရှိသည်။ စီးပွားရေးသမားများ သောင်းကျန်းလာသည်ကို အကြောင်းပြု၍ သက်ဆိုင်ရာက တာဝန်ရှိသလို နှိမ်နင်းရသည်။ ဤတွင် ရုပ်ရှင်သမားစစ်စစ်များ ကိုယ်ကျိုးနည်းတော့သည်။

သက်ဆိုင်ရာဆိုသည်ကလည်း မည်သူ့ကိုသာစေ နာစေလုပ်၍ မရ။ လုပ်ပြီဆိုလျှင် တစ်သားတည်း လုပ်ရသည်။

ဟော... ထိခိုက်ပြီဆိုတော့ ကိန်းဂဏန်းကြီးသူများ သုညထိဖြစ်သွားရစဉ် မူလကတည်းက ဘဲဥများ ဘဲဥကွဲသွားတော့သည်။ သို့ရာတွင် ရုပ်ရှင်သမားသည် ဖွဲကောင်းသည် စီးပွားရေးသမားများ အခြေအနေမလှ၍ နောက်ဆုတ်သွားကြစဉ် မူရင်းရုပ်ရှင်ပညာသည်များကတော့ ကွဲသွားသောဘဲဥကို တစ်စစီဆက်စပ်၍ ရုပ်ရှင်ပြန်ရိုက်ကြသည်။ ဟုတ်တော့လည်း ဟုတ်သားလေ။ ရုပ်ရှင်သမားသည် ရုပ်ရှင်မှလွဲ၍ တခြားဘာမှလုပ်မစားတတ်။

mgyoe.com

mgyoe.com


လုပ်စားသည်ဆိုသောစကားကို ဆိုရသည်မှာ နည်းနည်းတော့ ကသိကအောက်နိုင်သည်။ သို့ရာတွင် မည်သူဖြစ်ဖြစ် အလုပ်တစ်ခုလုပ်ပြီး လုပ်ခကို ရယူလျှင် လုပ်စားသည်ဟုသာ ဆိုရမည်။

သို့ရာတွင် ရုပ်ရှင်သမားစစ်စစ်တို့ လုပ်စားပုံမှာ ချစ်ဖို့ကောင်းသည်။ ငွေကြေးကိုချည်း သက်သက်အခြေခံသည် မဟုတ်။ စေတနာပိုင်း၊ ပညာပိုင်းပါသည်။

ပရိသတ်အတွက် ကြည့်သည်။ မိမိတို့၏ပညာရပ်ကို ငွေကြေးပေးပြီး ကြည့်ရှုရာ၌ တစ်စုံတစ်ရာသော အသိပညာကို ရရှိခံစားစေသည်။ ငွေရလျှင်ပြီးရောဟု မှိုင်းတိုက်ခြင်းမျိုး လုံးဝမပါ။

မည်သို့ပင်ရှိစေ ရုပ်ရှင်လုပ်ငန်း အခြေအနေကတော့ ကျဆင်းနေပြီ။ ရေခန်းလုဖြစ်သော စမ်းချောင်းတွင်းမှ ငါးများလို ရုပ်ရှင်သမားများ ရုန်းရင်းဆန်ခတ်ဖြစ်နေသည်။ ဇာတ်ကားထုတ်လုပ်သူများ ကသိကအောက်ဖြစ်နေတော့ ကျုပ်တို့လို ပညာသည်တွေအဖို့ ဆင့်ဟိုဒင်း ခွေးမျှော်သလို ဖြစ်ရသည်။

ကျုပ်မှာ လောလောဆယ် လှမြင့်အေးတို့ ကားတစ်ကားသာ လက်ခံထားရဆဲ ဖြစ်သည်။ ခု သင်းတို့ဇာတ်ထုပ်ကို သင်းတို့လက်ပြန်အပ်လိုက်ရပြီဆိုတော့ ကျုပ် အလုပ်လက်မဲ့။

ထမင်းငတ်လောက်အောင်တော့ မဖြစ်သေး။ ကျုပ်ကိုစကားကမ်းလှမ်းထားသော ဇာတ်ထုပ်နှစ်ထုပ် သုံးထုပ်လောက်တော့ ရှိသည်။ တစ်ထုပ်ကတော့ ဇာတ်လမ်းစိစစ်ရေးအဖွဲ့သို့ တင်ပြထားဆဲရှိသေးသည်။ တစ်ထုပ်ကတော့ ဖလင်မရသေးသဖြင့် စောင့်နေရသည်။ တစ်ထုပ်ကတော့ ကျုပ်အဖြစ်မျိုး ဖြစ်နေသည်။ မင်းသားနှင့်ကုမ္ပဏီပိုင်ရှင် ပြဿနာပေါ်နေသည်။ ရုပ်ရှင်ကောင်စီတွင် တရားဆိုင်နေဆဲ။

ကျုပ်ယောင်လည်လည် ဖြစ်နေရသည်။ သည်ကြားထဲတွင် လှမြင့်အေးတို့ကို ပေးထားသော ကတိစကားအတွက်လည်း အချိန်ရသရွေ့ စဉ်းစားရသည်။ လတ်တလောမှာ ငွေသုံးသောင်းခွဲလောက်ကို ရှာဖို့ဆိုသည်မှာမလွယ်။

သင်းတို့လင်မယားနှစ်ယောက်ကတော့ မတောင်းပါ။ ကျုပ်အခြေအနေကိုလည်း သူတို့ သိသည်။ ပြီးတော့ သူတို့ကိုယ်တိုင်ကလည်း သူတို့

mgyoe.com

mgyoe.com


ဇာတ်ထုပ်ကို ဆက်မရိုက်တော့ပါဟု ပြောလိုက်ပြီးကတည်းက ငွေကိစ္စကို ဘာမျှအရေးထားပုံမရ။

သို့ရာတွင် သည်ဘက်တွင်တော့ ကျုပ်က မာနကြီးသည်။ အလုပ် မလုပ်ဘဲ ငွေမလိုချင်။

ထို့ကြောင့်ပင် သူတို့အကြွေးသုံးသောင်းခွဲ ဘယ်လိုပြန်ဆပ်ရမည်ကို အမြဲမပြတ် စဉ်းစားနေရသည်။

လူ့ဘဝဆိုသောအရာသည် ဘယ်နှယ့်ဟာမှန်းကို မသိတတ်နိုင်ပါ။

တစ်ခါတစ်ခါ ယောကျ်ားတန်မဲ့နှင့် အားငယ်စရာကောင်းလောက် အောင်ထိ ဒုက္ခနှင့်တွေ့ရတတ်ပြီး တစ်ခါတစ်ခါကျတော့ သိက္ခာမဲ့စွာ ပေါတော တော ဖြစ်သွားလောက်အောင်ထိ ဝမ်းမြောက်ဖွယ်ရာများနှင့် ကြုံရတတ်သည်။

ကာလီဒါသပညာရှိကို ကတ်ကြေးဖြင့် ထိုးသတ်သော ပြည့်တန်ဆာ မကဲ့သို့ လောကကြီးသည် ကျုပ်ကို အမျိုးမျိုး လှည့်စားနေလေသည်။

တစ်ခါတစ်ခါကျတော့ ဘာမျှဖြစ်မလာသေးသောအရာများကို ကြိုတင်၍ ကြောက်ရွံ့နေမိတတ်သည်။ အဘယ်ကြောင့်ဆိုသော် ဘာမှဖြစ် မလာသေးသောအရာများသည် မထင်လျှင် မထင်သလို ဖြစ်လာတတ်သော ကြောင့် ဖြစ်သည်။ မည်ကဲ့သို့မှ ကြိုတင်ကာကွယ်၍ မရပါ။

တစ်ခုခုဖြစ်လာလိမ့်မည်ဟု တွေးတောပူပန်တတ်သော အကျင့်ကို ကျုပ် ကောင်းကောင်းကြီးရနေပြီ။ ဤသို့အားဖြင့် တစ်စုံတစ်ရာ ထူးခြားစွာ ဖြစ်လာတတ်သောအခါတိုင်း ကျုပ်ရင်သည် ဒိတ်ခနဲခုန်ရသော ရောဂါကို လည်း ရနေပြီ။

သည်ကနေ့ တော်တော် ထူးခြားသောအဖြစ်တစ်ခု ဖြစ်လာသည်။

ကျုပ်မျက်စိထဲတွင် ကြည့်မဝနိုင်အောင် လှပသော မင်္ဂလာတောင်ညွန့် အမှိုက်ပုံကြီးပေါ်တွင် ဖြစ်လေသည်။ ရန်ကုန်တစ်မြို့လုံးရှိ အမှိုက်သရိုက် ပေါင်းစုံတို့စုဝေးရာ ယင်းအမှိုက်ပုံကြီးသည် သဘာဝအလျောက် ဖြစ်ပေါ်နေ သော တောင်ပူစာလေးပမာ မျက်စိပသာဒ ရှိလှသည်။ သူ့အပေါ်တွင် လမ်း လျှောက်ရသည်မှာ ရိုးရိုးမြေကြီးပေါ်တွင် လမ်းလျှောက်ရသည်နှင့် လုံးဝမတူ ဘဲ ညွတ်အိညွတ်အိနှင့် အရသာရှိပါသည်။

မြေသြဇာအလွန်ကောင်းမွန်သောကြောင့် သူ့အလိုလို အလေ့ကျ

mgyoe.com

mgyoe.com


ပေါက်နေသော ခွေးသေးပန်းပင်ကလေးများသည် လေတိုက်သောအခါ-ယိမ်းကလူပ်ရှားနေသည်။ ချစ်ဖို့ကောင်းလှသည်။

ဘာရယ်တော့ မဟုတ်။ ကျုပ်သည် ပျင်းပျင်းရှိလျှင် သည်အမှိုက်ပုံကြီးပေါ်သို့ လေကောင်းလေသန့်ရှူရင်း ရောက်လာတတ်သည်။ သည်နေ့လည်း ရိုက်ကွင်းရိုက်ကွက်ကလေးများ စဉ်းစားရင်း ရောက်လာခဲ့သည်။

"ဟာ... စနေ"

အသံကြားကြားချင်း မှတ်မိလိုက်သည်။ ငယ်သူငယ်ချင်း ဂျော်နီဖြစ်သည်။ ကျုပ်နှင့် ကွဲကွာသွားခဲ့ကြသည်မှာ ကြာပြီ။ သည်ကောင် အခြေအနေကောင်းနေပုံရသည်။ တောက်တောက်ပြောင်ပြောင် ဖြစ်နေသည်။ ဝလင်စိုပြည်သည်။ သူနှင့်မလှမ်းမကမ်းတွင် သူ့ကားလေးကို မြင်ရသည်။

ကျက်သရေကင်းမဲ့စွာ အကျည်းတန်လှသော မာစီဒီးကားဖြူလေးသည် အလွန်လှပသော အမှိုက်ပုံကြီးကို ဖျက်လိုဖျက်ဆီး လုပ်နေသည်ဟု ရုတ်တရက် တွေးလိုက်မိသည်။

"ဂျော်နီ... မင်း ဘယ်ကိုလာတာလဲ"

"ဒီအမှိုက်ပုံကိုပဲပေါ့ကွ... စော်ဘွားကြီးကုန်းက ငါ့ခြံအတွက် မြေဆွေးလိုချင်လို့..."

"မြူနီစီပါယ်ကို လျှောက်ရမယ်တဲ့ကွာ... ဒါက အရေးမကြီးပါဘူး... မင်းနဲ့ငါ တွေ့ချင်နေတာ ကြာပြီ..."

"တွေ့ချင် အိမ်လာပေါ့ကွာ..."

"လုပ်ပြီ၊ မင်းက ခုထိ အပေါက်ဆိုးတုန်းပါလား... အဲဒါ ငါကလည်း အလုပ်တွေများပြီး အချိန်မရတာနဲ့ လာမတွေ့ဖြစ်တာ၊ ခု အတော်ပဲလာ။ ငါတို့ တစ်နေရာရာ သွားစကားပြောကြရအောင်"

သူ့ကားအတွင်းဘက်မှ မော်တော်ကားအသစ်နံ့သည် ဝုတ်ခနဲ ထွက်လာသည်။

သူ့ကားနှင့်အတူ လိုက်စဉ်အတွင်း သူပြောနေသော စကားများကို ကြားတစ်ချက် မကြားတစ်ချက် နေသည်။ သူ ဘာကြောင့်တွေ့ချင်သည်။ သူ ဘာစကားပြောချင်သည်ကို လတ်တလောတွင် စိတ်ဝင်စား၍ မရပါ။

အဘယ်ကြောင့်ဆိုသော် သူ့မျက်နှာမြင်လိုက်လျှင် မြင်လိုက်ချင်း မခိုင်

mgyoe.com

mgyoe.com


ကို သတိရလိုက်မိသောကြောင့် ဖြစ်လေသည်။ ကျုပ်သည် မခိုင်အကြောင်းကို တစ်လမ်းလုံး တွေးနေမိသည်။ သူ့ကို လမ်းတွင် ကျုပ် စကားတစ်လုံးသာ ပြောဖြစ်သည်။

"မခိုင်နဲ့ တွေ့သေးလား"

ဂျော်နီက ပြုံးပါသည်။ ခေါင်းညိတ်ပြသည်။ သူ့အပြုံးသည် ကျုပ်အတွက် စိတ်မကောင်းကြောင်း ဖော်ပြနေသည်။ သူက မခိုင်အကြောင်းကို ဘာမျှမပြောပါ။ သူ သိပုံရသည်။ ခုအချိန်တွင်ပြောလည်း မောရုံရှိမည်။ ဘာမှ ဖြစ်မလာနိုင်တော့။

ရှေ့ကအကြောင်းများသည် လက်ရှိကာလတွင် သမိုင်းမှတ်တမ်းမျှသာ ဖြစ်ချေသည်။

မခိုင်အကြောင်းကို ကပေါက်ချိကပေါက်ချာ တွေးနေမိသည်။ သူ အိမ်ထောင်ကျသွားပြီလား။ သူကတော့ ပြောဖူးသည်။ ကျုပ် အိမ်ထောင်မပြုမချင်း သူ မပြုဟု။ အစိပ္ပာယ်မရှိပါဘူးဟု ကျုပ်ပြောပစ်ခဲ့သည်။ မခိုင်အကြောင်းစဉ်းစားတော့ သူ့မိသားစုအကြောင်း ပါလာပြန်သည်။

ပစိပစပ်များလွန်းသော မခိုင်၏အစ်မကို မျက်စိထဲ မြင်ယောင်မိသဖြင့် ကိုယ့်မျက်စိကို ကိုယ် အမြင်ကတ်သည်။ မခိုင်၏ အစ်မကြိုင်သည် ကျုပ်နှင့် မခိုင်၏ကြားတွင် ခလောက်ဆန်ခဲ့သူတည်း။

ကိုယ်တိုင် အသုံးမကျသလောက် တစ်ပါးသူကို အပြစ်ဖွဲ့တတ်သော သဘောရှိသူသည် ဤလောကဌ် ကြောက်စရာအလွန်ကောင်းလေသည်။

သူငယ်ချင်းဂျော်နီသည် မခိုင်တို့မိသားစုနှင့် ဆွေမျိုးနီးစပ်တော်သည်။ ဂျော်နီသည် တစ်ကောင်ကြွက်။ သူ့ကို မခိုင်တို့မိသားစုက ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ကျုပ်နှင့် ကျောင်းသားအရွယ်မှစတင်၍ သူငယ်ချင်း ဖြစ်ခဲ့သည်။

ဤသို့အားဖြင့် မခိုင်တို့အိမ်သို့ ကျုပ် အဝင်အထွက်ရှိခဲ့ရသည်။ ကျုပ် မခိုင်ကို ချစ်မိခဲ့လေသည်။ ချစ်ခဲ့မိသည်ဟုပင် ဆိုစရာရှိသည်။ အချစ်ဆိုသောအရာကို ယနေ့တိုင် ကျုပ် ကောင်းကောင်းမသိသေးပါ။ တစ်ခါတလေမှသာ မခိုင်ကို ကျုပ် သတိရတတ်သည်ကိုသာ ကြည့်ပါ။ မခိုင်ကို အချိန်များစွာ မေ့ထားခဲ့လေသည်။

mgyoe.com

mgyoe.com

"ခု ငါပွဲကန်ထရိုက်တာ လုပ်နေတယ်"

တစ်ဝမ်းလုံး ကျော်နီပြောလာသော စကားများထဲတွင် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်လေသည်။

ကျုပ်နှင့် မခိုင်တို့လမ်းခွဲခဲ့ရသည့်အစိက အကြောင်းရင်းမှာ ကျုပ်ရုပ်ရှင်လုပ်ငန်းသို့ ခြေစုံပစ်ဝင်ခဲ့သော အကြောင်းကြောင့်ဖြစ်လေသည်။ မခိုင်တို့မိသားစုသည် အစဉ်အဆက် ရာထမ်းမှုထမ်း ဆွေကြီးမျိုးကြီး ဖြစ်သည်။ သူတို့သည် ရုပ်ရှင်သဘင်စသော အနုပညာနှင့် အနုပညာသည်များကို ဖျော်ဖြေရေးသဘော၊ ဖျော်ဖြေခံသဘောလောက်သာ သဘောထားသည်။ သည်နေ့တွင် အနုပညာသည် ကမ္ဘာ့ထိပ်တန်း ပညာရပ်ကြီးတစ်ခုအဖြစ် ရပ်တည်နေသည်ကို လက်မခံနိုင်ကြ။ လူပေါ့လူပျက်များအဖြစ်သာ သတ်မှတ်ထားဆဲ ဖြစ်သည်။ တိုးတက်သောအမြင် မရှိ။

ကျုပ်နှင့် မခိုင် မေတ္တာရှိနေကြပြီ ဆိုသောအခါ ကျုပ်ရုပ်ရှင်သမားဖြစ်နေသည်ကို အကြောင်းပြု၍ သဘောမတူနိုင် ဖြစ်လာကြသည်။

သည်ကြားထဲတွင် သူ့အစ်မ မကြိုင်က ခလောက်ဆန်သည်။ ပွဲလန့်ဖျာခင်း ဝင်လုပ်သည်။ ပွဲလန့်ဖျာခင်းဟု အဘယ်ကြောင့် ပြောရသနည်းဆိုသော်။ ထိုမကြိုင်သည် တစ်ကြိမ်သောအခါက မိဘစိတ်ဆင်းရဲစရာ ကိစ္စတစ်ခုကို ကျူးလွန်ခဲ့သည်။ ထိုအမှားကို ထေမိစေရန် အလို့ငှာ မခိုင်နှင့်ကျုပ်ကိစ္စတွင် ကယ်တင်ရှင်ကြီး ဝင်လုပ်တော့သည်။

ရယ်စရာတော့ ကောင်းသည်။ ပြန်မေးစားပြ လက်ထဲမရောက်ဘဲလျက်ကယ်တင်ရှင်ဝင်လုပ်ခြင်းသည် ဘယ်လောက်ရယ်စရာကောင်းသနည်း။

သူ့စိတ်ထဲတွင်တော့ ကျုပ်နှင့်မခိုင်ကို ဖွတ်ဝင်ပြီးခွဲလိုက်လျှင် သူ့ရှိသမျှ အပြစ်များ ပြေပျက်ကုန်လိမ့်မည်ဟု ကလေးတွေးဆန်စွာ တွေးတောထားပုံရသည်။

သူတို့အိမ်တွင် မခိုင်၏အဘွားသည် စိတ်နှသူဖြစ်သည်။ ယိမ်းယိုင်လွယ်တတ်သည်။ မကြိုင်သည် ထိုအဘွားဖြစ်သူကို ကူလီကူမာ လုပ်သည်။ စကားအယုံသွင်းလေသည်။ စိတ်နှသူသည် ဘယ်တော့မှ မိမိဦးနှောက်ကို အသုံးမချတတ်။ နားယောင်သည်။ နားကြားနှင့် ဆုံးဖြတ်လွယ်သည်။ ချက်ချင်းပြန်ရုပ်သိမ်းတတ်သည်။ အပြစ်ဆိုဖွယ်တော့ မရှိ။ ဤသည်ပင်လျှင်

mgyoe.com

mgyoe.com


ရိုးသားခြင်းတစ်မျိုး မဟုတ်လား။

ကျုပ် မကျေနပ်သည်မှာ မကြိုင်။ သင်း ကျုပ်အပေါ် တင်သမျှ စွဲချက်များမှာ နားရက်ဖို့ပင် ကောင်းသည်။ ရုပ်ရှင်သမားမို့ ကျုပ်ကို အထင်သေးထားသည်ကို ကျုပ် ခံနိုင်သည်။ သဘာဝအခြေခံချင်းမတူလျှင် သည်လိုပဲ တစ်ဦးနှင့်တစ်ဦး အထင်သေးတတ်မြဲဖြစ်သည် မဟုတ်လား။

ခုတော့ မကြိုင်က လွန်လာသည်။ အလွန်အောက်တန်းကျသော စွဲချက်များ တင်သည်။

ဆိုပါစို့။ ကျုပ်သည် မကြာခဏ သူ့ထံမှ ငွေချေးဖူးသည်ဟူသော စွဲချက်မျိုး။ အသုံးအစွဲကြီးသော လက်ဖွာသော လိုချင်တပ်မက်မှု လွန်ကဲသော မကြိုင်ကသာ ကျုပ်ထံမှ ငွေချေးသုံးသည်ကို ကျုပ်က ဘယ်နှယ့်လုပ်၍ သူ့အဘွားထံ သွားရှင်းရမည်နည်း။ သည်လောက်တော့ ကျုပ် အောက်တန်းကျ မခံနိုင်ပါ။ သည်လို အငြင်းအခုံမျိုးကို ကျုပ် ငါးတန်းကျောင်းသားဘဝလောက်ကတည်းက စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်။

တွေးရင်း ဒေါသဖြစ်ချင်လာသည်။ ဘာမဟုတ်သော စွဲချက်ကလေးများဖြင့် ဘဝတစ်ခုလုံး ယိမ်းထိုးသွားရအောင် အမိန့်ချခံခဲ့ရသည်။

မခိုင်ကို ကျုပ် စွန့်လွှတ်ခဲ့ရသည်။

ကြာပြီ။ လေးငါးနှစ်လောက်ပင် ရှိခဲ့ပြီ။ ခုတော့လည်း မခိုင်ကို မေ့သလောက်ရှိပြီ။ ရင့်ကျက်ပြီကိုး။

မေ့သလောက်ရှိပြီ ဆိုပေမယ့် တစ်ခါတစ်ခါတော့ သတိရသည်။ အလုပ်၌ နစ်မျောနေချိန်များတွင်တော့ မခိုင်ကို လုံးဝမေ့ထားနိုင်သည်။

ဟုတ်သည်။ မေ့လိုက်ပြီဆိုသည်ထက် မေ့ထားနိုင်ပြီဆိုက ပို၍ မှန်ကန်သည်။

အချစ်သည် ဘယ်လိုဟာမျိုးလဲ။

ထို့ကြောင့်ပင် အံ့သြမိခြင်းဖြစ်သည်။ အစဉ်အလာကြီးလွန်းသော သူတို့မိသားစုသည် ကျော်နီပွဲကန်ထရိုက်လုပ်သည်ကို အဘယ်ကြောင့် ခွင့်ပြုနိုင်သနည်း။

"နေစမ်းပါဦး... မင်းက ဒီဖက်ခွက်စားအလုပ်ကိုလုပ်နေတာ မေမေကြီးတို့က ခွင့်ပြုသလား"

ကိုယ့်အလုပ်ကိုကိုယ် ဖက်ခွက်စားဟု သရော်လိုက်သော ကျုပ်စကား

mgyoe.com

mgyoe.com


ကို ဂျော်နီ သဘောကျစွာ ရယ်လိုက်သည်။ ဂျော်နီရယ်မောသံသည် ကျုပ်ကို သတိတရား ရစေသည်။ ဟုတ်သားပဲ ကျုပ် ဒါလောက်ထိတော့ စိတ်နာစရာ အကြောင်းမရှိ။

ဩော်... မခိုင်နှင့်ပတ်သက်လာလျှင် ကျုပ်ထိခိုက်နာကြည်းတတ်ဆဲ ပါလားလေ။

ဂျော်နီက ဆက်ပြောသည်။

"မင်းလည်း သိသားပဲ၊ ဦးလေးက အနုပညာနဲ့ပတ်သက်လို့တော့ အမြင်ရှိပါတယ်။ ငါ့ကိစ္စမှာလည်း ဦးလေး ထောက်ခံအားပေးလို့ လုပ်ဖြစ် တာပေါ့၊ တကယ်တော့ သူငယ်ချင်းရာ လူဆိုတာ အလုပ်လုပ်ဖို့သာ အရေး ကြီးတာပါ"

"နေစမ်းပါဦး... ပွဲကန်ထရိုက်လုပ်ရုံနဲ့ မင်းခုလောက်ထိ တင့်တောင့် တင့်တယ် ဖြစ်လာလိမ့်မယ်လို့တော့ ငါမထင်ဘူး"

"ငါ... ထိပေါက်တယ်ကွာ... ငါ့မိန်းမဘက်က ဒန်အိုးစက်လုပ်ငန်း အောင်မြင်တယ်ကွာ၊ ငါကလည်း ပွဲကန်ထရိုက်လုပ်တာ ကံကောင်းချင်တော့ တစ်ပွဲမှ အထိမနာသေးဘူး။ အေးကွာ... ကံတရားဆိုတာကလည်း ကောင်း ချင်ရင် အားလုံးကောင်းနေတော့တာကလား"

"ဟဲ... ဟဲ မာစီဒီး စီးရတဲ့အထိပေါ့လေ"

ဂျော်နီက ဟက်ဟက်ပက်ပက် ရယ်ပါသည်။ ပါးဖြဲ နားဖြဲ ရယ်လိုက် ပုံသည် ငယ်စဉ်က ဘဝတွေကို ပြန်ပြီး လွမ်းမိချင်စရာကောင်းသည်။

"မင်းက အထင်ကြီးလွန်းတာကိုးကွာ... ဒါငါ့ကားမဟုတ်ပါဘူး"

"မင်းမိန်းမရဲ့ ကားလား"

"ငှားစီးတာကွ... ငါတို့အိမ်နီးချင်းတစ်ယောက်ရဲ့ ကားပါ။ သူတို့က ခုလိုပဲ နေ့တွက်နဲ့ ငှားတယ်လေ"

တရုတ်ဟိုတယ်တစ်ခုသို့ ရောက်ခဲ့ကြသည်။

"ကိုင်း... ဆိုစမ်းပါဦး၊ မင်းပြောစရာရှိတယ်ဆိုတာ"

"ငါရုပ်ရှင်ရိုက်ချင်လို့"

"ကြောင်လှချည်လား ဂျော်နီရာ"

"ဟ... ရုပ်ရှင်ရိုက်ချင်တာ ကြောင်တာလားကွ"

mgyoe.com

mgyoe.com


"မင်းရုပ်နဲ့ မင်းဗိုက်ရွဲပုံနဲ့ မင်းသားဖြစ်မလားကွ၊ မင်းက ပိုက်ဆံရှိ တိုင်း မင်းသားလုပ်လို့ရမယ် ထင်လို့လား"

"မင်းကလေ ပြောလိုက်ရင် တလွဲချည်းပဲ၊ ငါက ဘာလို့ မင်းသား လုပ်ရမှာလဲ"

"ဘာတုံး... လူကြမ်းလုပ်မှာလား"

"ဒွတ်တဲ့မှပဲ... ရုပ်ရှင်ကား ထုတ်လုပ်ချင်တာကို ပြောတာပါ စနေရ"

သူ့စကားသည် အတည်ပေါက်ပြောလိုက်မှန်း သိသာသည်။ ကျုပ်... အလေးအနက် စဉ်းစားရပြီ။

ပထမဆုံး စဉ်းစားရမည်မှာ... ဂျော်နီသည် ရုပ်ရှင်နှင့်ပတ်သက်၍ အရိုင်း၊ ဘာပဲဖြစ်ဖြစ် ရုပ်ရှင်သမားများထက် အကုန်အကျများမည်။

ရုပ်ရှင်နယ်မှာဝင်လာသမျှကို ဆည်ပေါက်က ဖျိုင်းစောင့်သလို လှိုးဖို့ဖြတ် ဖို့ စောင့်နေကြသော လူယုတ်မာများက အပြည့်၊ သူတို့သည် အလွန်လှသော ရုပ်ရှင်နယ်ကို အကျည်းတန်စေသူများ ဖြစ်သည်။ သူတို့သည် ငွေရော၊ လူရော ရတာကို အကုန်ဖြောင်သည့် အောက်တန်းစားရုပ်ရှင်သမားများ ဖြစ်ကြသည်။

သည်လိုလူတွေနှင့်တွေ့လျှင် ကျုပ် သူငယ်ချင်းရှိသမျှ ပြောင်တော့ မည်။ ထို့ကြောင့်ပင် သူကလည်း ကျွန်တော့်ကို ပထမဆုံးလာတိုင်ပင်ခြင်း ဖြစ်သည်။ ဒုတိယ စဉ်းစားရမည့်အချက်မှာ ရုပ်ရှင်လုပ်ငန်း စီးပွားရေးကျ ဆင်းနေခြင်း ဖြစ်သည်။

ရုပ်ရှင်ကားတစ်ကားရိုက်သည်။ အနည်းဆုံး ခြောက်လမှ တစ်နှစ်ထိ ကြာတတ်သည်။ စရိုက်ပြီဆိုကတည်းက ငွေအလုံးအရင်းနှင့် မြှုပ်နှံပေတော့။

ဇာတ်ကားတစ်ကား ပြီးသွားပြီ။ ဆင်ဆာတင်သည့် အခြေအနေယ် ရောက်ပြီး ချက်ချင်းရုံတင်ပြသခွင့်မရ။ ဆင်ဆာခွင့်ပြုပြီး ကားတစ်ကားသည် အနည်းဆုံး ဆယ်လမှ တစ်နှစ်အထိ ရုံရက်ကို စောင့်ရသည်။ ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများ၏ရုံရက်ကို ဆိုလိုပါသည်။ နယ်ပြည်သူပိုင် ရုပ်ရှင်ရုံကလေးများဆိုလျှင် ရန်ကုန်၊ မန္တလေးပြပြီးမှ...

ထိုအခါ ရုပ်ရှင်ရုံ ပြည်သူပိုင် မသိမ်းရသေးသော မြို့ငယ်ကလေးများ၊ စစ်တပ်များသို့ လှည့်လည်ပြသရသည်။ တစ်ကြိမ်ပြသည်။ ရာဂဏန်းထိ သော ဝင်ငွေသည်သာ ရှိသည်။ မိမိတို့၏စားစရိတ်၊ သွားစရိတ်၊ အိမ်သုံး

mgyoe.com

mgyoe.com

စရိတ်ကာမိရုံရသည်။ ထိုဝင်ငွေသည် ရုပ်ရှင်ကား နောက်တစ်ကားရိုက်ရန် ရုပ်ရှင် လုပ်ငန်းဆက်လက် လည်ပတ်ရန်ထိ ခရီးမရောက်ပါ။

ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများမှ ဝင်ငွေသည်သာ လုပ်ငန်း၏ အသက်ဖြစ်သည်။ ဆိုခဲ့သလို ထိုဝင်ငွေသည် တစ်နှစ်လောက်ကြာမှ ပြန်၍ ပေါ်လာသည်ဆိုတော့ လုပ်ငန်းကြန့်ကြာမှုတွေ ဖြစ်ကုန်တော့သည်။ ဤ အချက်သည် မလွဲမသွေ သေချာပေါက်ကြန့်ကြာသော အချက်ဖြစ်သည်။

ထို့ကြောင့် ရုပ်ရှင်တစ်ကားစာလောက်သာ ရိုက်နိုင်သော ငွေရှင်တစ် ယောက်သည် မည်သို့သောနည်းနှင့်မှ ရုပ်ရှင်နယ်သို့ ဝင်မလာနိုင်တော့ပေ။ ငွေအရင်းအနှီးတစ်ခုကို မြှုပ်နှံပြီး နှစ်နှစ်ကြာမှ ငွေပြန်ပေါ်သောအလုပ်ကို လုပ်ကိုင်ဖို့ဆိုသည်မှာ တော်တော်မလွယ်သောကိစ္စဖြစ်သည်။ ပြီးတော့ ရှုံး မည်မြတ်မည်ကိုလည်း တပ်အပ် မည်သူမျှ မပြောနိုင်၊ အရှုံးအမြတ်အဖြေ သည်လည်း နှစ်နှစ်ကြာမှ သိရသည်ဆိုတော့။

သည်နှစ်ချက်နှင့်ပင် ဂျော်နီကို ရုပ်ရှင်အလုပ်မလုပ်ဖို့တားမြစ်သင့် သည်ဟု ထင်သည်။

အဆိုးဝါးဆုံးအချက်မှာ တတိယအချက် ဖြစ်သည်။

ဂျော်နီရုပ်ရှင်အလုပ်လုပ်မည့်အရေးကို မခိုင်တို့မိသားစုက မည်သို့မျှ သဘောတူနိုင်မည် မဟုတ်ခြင်း ဖြစ်သည်။ ပြီးတော့ စဉ်းစားကြည့်၊ ဂျော်နီ အကူအညီတောင်းသော ရုပ်ရှင်သမားမှာ အခြားသူမဟုတ်၊ သူတို့၏ ချစ်လှ စွာသော ရန်သူတော်ကြီး ကျုပ်ကိုယ်တိုင်ပင် ဖြစ်နေသောကြောင့်တည်း။

ပြီးတော့ တစ်ဆက်တည်းတွင် တွေးလိုက်မိသည်။ သည်အလုပ်ကို ကျုပ်... လက်ခံလိုက်လျှင် စိတ်ဆင်းရဲရမည်။ ထန်းနို့ကို မလှီးဘဲထားလျှင် ကာလကြာသောအခါ ထန်းရည် မရနိုင်သကဲ့သို့ ကျုပ်ရင်၌ အချစ်ဆိုသော အရာကို မပွင့်လန်းစေသည်မှာ ကြာပြီ။

"မလုပ်ပါနဲ့ ဂျော်နီရာ"

"ဘာလို့လဲ"

"ရုပ်ရှင်လုပ်ငန်း အခြေအနေမကောင်းဘူး"

ဂျော်နီကို ရုပ်ရှင်လုပ်ငန်း အခြေအနေများကို ရှင်းပြလိုက်သည်။ မရပါ။
mgyoe.com

mgyoe.com


"မင်းတို့ ရုပ်ရှင်သမားတွေတောင် လုပ်နိုင်သေးတာပဲကွာ၊ အခြေအနေမကောင်းရင် ရုပ်ရှင်ဆိုတာ ဘယ်ရှိနိုင်တော့မလဲ"

"မတူဘူးလေ၊ ငါတို့ရုပ်ရှင်သမားဆိုတာက ဒီအလုပ်က လွဲလို့ ဘာမှ မလုပ်တတ်တာ၊ ပြီးတော့ တို့ကလုပ်ငန်းမှာ အုတ်မြစ်ချပြီးသလို ဖြစ်နေပြီ၊ ဆိုပါစို့ကွာ... အရှိန်ရနေပြီ"

"ဘာပဲဖြစ်ဖြစ် ငါလုပ်ချင်တယ်ကွာ၊ ပိုးကဝင်နေပြီ မရတော့ဘူး၊ ပြီးတော့ ရိုက်ဖို့ရည်ရွယ်ထားတာကလည်း ငါ့ဇာတ်လမ်း၊ မင်းနဲ့လည်း သိပ်ကိုက်တယ်"

"မင်း... ဇာတ်လမ်းဆိုရင်တော့ ကောင်းတော့မှာပဲ၊ မင်းဘယ်တုန်းက များ စာတစ်ကြောင်း ပြည့်အောင် ရေးဖူးလို့တုံး"

"လူဆိုတာ မွေးကတည်းက ပညာတတ်လာတာမှ မဟုတ်ဘဲကွ... ငါ ပွဲကန်ထရိုက်တာလုပ်ရင်း တချို့ဇာတ်တွေအတွက် ပြဇာတ်ကလေး ဘာလေး ရေးဖူးတယ်ကွ... အဲဒီထဲက တစ်ပုဒ်ကိုရိုက်ချင်တာ၊ မင်း ဖတ် ကြည့်ဦးပေါ့"

ဂျိမ်းစဘွန်း မင်းသားကိုင်သော အိတ်လိုလို ဆံပင်ညှပ် ဆရာကိုင်သော အိတ်လိုလို သားရေအိတ်တစ်လုံးထဲမှ စာရွက်တစ်ထပ်ကို ဆွဲထုတ်ပါသည်။ ကျုပ်က ရယ်လိုက်ပါသည်။

"နေစမ်းပါဦးကွ၊ မင်း အလုပ်ကို ငါက လက်ခံပြီပြောသေးလို့လား"

"ဟ... လက်မခံလို့ရမလားကွ၊ ငါက မင်း ချစ်သူငယ်ချင်းပဲဟာ"

ကျုပ်စကားကို အတည်ပေါက် ပြန်ပြောရပြန်ပါသည်။

"မဟုတ်သေးဘူး ကျော်နီ... အရေးကြီးတာတွေ ရှိသေးတယ်... မင်းခုလို ရုပ်ရှင်အလုပ်လုပ်မယ်ဆိုတာ၊ မခိုင်တို့မိသားစုက သဘောတူနိုင်ပါ့မလား..."

"လူဆိုတာ ကိုယ့်ဘဝကိုယ် ဖန်တီးရတာပါ သူငယ်ချင်း"

"ဒါပေမဲ့ သူတို့ဟာ မင်းရဲ့အုပ်ထိန်းသူ ကျေးဇူးရှင်တွေ မဟုတ်လား"

"ငါရုပ်ရှင်အလုပ်လုပ်တာဟာ ငါ့ကျေးဇူးရှင်တွေရဲ့ ဂုဏ်သိက္ခာကို စော်ကားချင်လို့ မဟုတ်ပါဘူးကွာ..."

သူ့စကားကို အသည်းစွဲအောင် ကြိုက်သွားသည်။ ဒီကောင်လူတော်ပဲ။ ကျော်နီက ချစ်စဖွယ် ရယ်မောရင်း ဆက်ပြောပါသည်။

mgyoe.com

mgyoe.com


"ဒါပေမဲ့ကွာ... ငါက ဥပေက္ခာ မဆန်ပါဘူး... ဒီအကြောင်းကို ဦးလေးတို့ ဒေါ်ဒေါ်တို့နဲ့သွားတိုင်ပင်ပါသေးတယ်"

စိတ်ဝင်စားစရာ အကောင်းဆုံးအပိုင်းဟု ထင်ပါသည်။

"ဘာပြောသတုံး"

"ငါ မင်းကို ခုနပြောတဲ့စကားကိုပဲ ပြောလိုက်တယ်... လူဆိုတာ ကိုယ့်ဘဝ ကိုယ်ဖန်တီးရတာပဲ ကြည့်လုပ်ပေါ့တဲ့"

ကျုပ် ရယ်ပစ်လိုက်သည်။ အားရပါးရ ရယ်ပစ်လိုက်သည်။ ရယ်ခြင်း၏အကြောင်းတရားသည် ရှုပ်ထွေးလှသည်။ ကျုပ်ဘာသာပင် မသိလိုက်။ ရယ်မိခြင်းသာ သိသည်။ ဂျော်နီကလည်း ရယ်လေသည်။

"အင်း... အဘိုးကြီး၊ အဘွားကြီးတွေလည်း အသက်ကထောက်လာပြီဆိုတော့... စိတ်ဓာတ်တွေလည်း မတက်ကြွတော့ဘူး ထင်ပါရဲ့ကွာ"

"အေးကွာ... မင်းရုပ်ရှင်အလုပ်လုပ်မှာကို အသာတကြည်နဲ့ ခွင့်ပြုတာကတော့ တော်တော်ထူးဆန်းတာပဲ"

"ဒါထက် ထူးဆန်းတာ ရှိသေးတယ် စနေ... မင်းကြားရင် အံ့သြသွားမယ်"

"ဆိုစမ်းပါဦး"

"ငါရဲ့ အဲဒီဓာတ်လမ်းကို ရုပ်ရှင်ရိုက်မယ်ဆိုတဲ့အကြောင်း ဦးလေးနဲ့လည်း ဆွေးနွေးရော... မထင်မှတ်တဲ့ ပြဿနာတစ်ခု ဖြစ်လာတော့တာပဲ"

ဂျော်နီသည် စကားမဆက်သေးဘဲ နေသည်။ ကျုပ်ကတော့ စိတ်မလှုပ်ရှားလှပါ။ သည်ကိစ္စသည် ခုချိန်ထိ စိတ်လှုပ်ရှားရလေအောင် ကျုပ်ကို မချုပ်ကိုင်နိုင်နေသေးပါ။ သူစကားမဆက်ခင် အချိန်အတောအတွင်း ကျုပ်စိတ်သည် သူတို့ဆွေးနွေးခဲ့ကြသည်ဆိုသော မခိုင်တို့အိမ်ဧည့်ခန်းကို မြင်ယောင်နေမိသည်။ ထိုဧည့်ခန်းတွင် မခိုင်နှင့်ကျုပ် လူကြီးလူကောင်းဆန်ဆန် စကားလက်ဆုံကျခဲ့သည်ကို အမှတ်ရမိသည်။

မှတ်မှတ်ရရ ကျုပ်နှင့်မခိုင် ချစ်ခဲ့ကြစဉ်ကာလ၌ မမြင်ကွယ်ရာအရပ်များသို့ တစ်ကြိမ်တစ်ခါမှ မသွားဖူးခဲ့ပါ။ ကျုပ်တို့အချစ်နေရာသည် သူတို့ဧည့်ခန်းသာ ဖြစ်၏။ ကျုပ်တို့သည် ရှေ့လျှောက်ဘဝ၏ အရေးအခင်းများကို ဆွေးနွေးရင်း အချိန်ကုန်ခဲ့ကြသည်။ သည်တုန်းက ဂျော်နီ ပြောခဲ့သော

mgyoe.com

စကားတစ်ခွန်းကိုလည်း သတိရသေးသည်။

"ငါ့နှမဆိုလည်း ဟုတ်ပါတယ်ကွာ... ဒါပေမဲ့ မင်းတို့ဟာက ဟုတ်ကို မဟုတ်သေးဘူး၊ ဒီအတိုင်းဆို မင်းခံရလိမ့်မယ်နော်"

အသက်တွေက ငယ်ကြသေးတော့ အချစ်နှင့်ပတ်သက်လာလျှင် ငြင်းရခုံရသည်ပင် အရသာလို ထင်ခဲ့ကြသည်။ ခုတော့လည်း အမှတ်တရ ရှိခဲ့သော အကြောင်းမျှသာ ဖြစ်နေတော့သည်။

အတွေးစများကို ဂျော်နီက ဖြတ်တောက်ပစ်လိုက်သည်။

"မင်း လှိုင့်ကို မှတ်မိတယ်နော်"

"ဘယ်က လှိုင်လဲ"

"ဒွတ်တဲ့မှပဲ၊ မင်းရဲ့ မတော်လိုက်ရတဲ့ ခယ်မလေကွာ... ခိုင့်ညီမ"

"ဘာလို့မမှတ်မိရမှာလဲ... ဒီကောင်မ ခုဆို ဆယ်တန်းအောင်ရောပေါ့"

"ဒေသကောလိပ်တောင် ရောက်နေပြီ..."

"အင်း... ဆိုပါဦး။ လှိုင်က ဘာဖြစ်လို့လဲ"

လှိုင်ကို သတိရမိပြန်သည်။ လှိုင်သည် သူတို့အိမ်တွင် ချစ်ဖို့အကောင်းဆုံးကလေးမ ဖြစ်သည်။ ကျုပ်သူတို့အိမ်သို့ အဝင်အထွက်ရှိစဉ်က လှိုင်သည် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်သမီးသာ ရှိဦးမည်။ ခုဆို အပျိုကြီးဖားဖား ဖြစ်နေပြီပေါ့။

လှိုင်သည် ရိုးသည်။ အေးသည်။ လှသည်။ လှိုင့်တစ်ကိုယ်လုံးတွင် မျက်လုံးသည် အသက်ဖြစ်သည်။ အမြဲတမ်း အရည်လဲ့နေသော မျက်လုံးရွဲကြီးများသည် ထိုစဉ်က ကလေးဆန်သလောက် ခုအချိန်ဆိုလျှင် ကောင်ကလေး တော်တော်များများကို သွက်သွက်ခါသွားအောင် ကြည့်တတ်နေလောက်ပြီ ထင်သည်။

လှိုင်သည် ကျုပ်နှင့် သူ့အစ်မ မခိုင်ကို အလွန်သဘောတူသူဖြစ်သည်။ ကျုပ်တို့နှစ်ယောက်ကြားတွင် စာအဆက်အသွယ်ကို လှိုင်ကပင် လုပ်ပေးခဲ့သည်။ သူတို့တစ်အိမ်လုံးတွင် အနုပညာစာပေဘက်၌ စိတ်အဝင်စားဆုံးလူမှာ လှိုင် ဖြစ်သည်။ ခိုင်ထက်ပင် အနုပညာ ဝါသနာက ထုံသည်။

ဂျော်နီက စကားပြန်စသည်။

"အေး... လှိုင်က ဘာပြောလာတယ် မှတ်သလဲ"

mgyoe.com

mgyoe.com

ဘာမှပြန်မပြောဘဲ သူ့စကားကိုသာ နားစွင့်ထားမိသည်။

"လှိုင်က ဒီဇာတ်လမ်းမှာ သူ မင်းသမီး ဝင်လုပ်ချင်တယ်လို့ သူ့အဖေကို ပူဆာတော့တာပဲ"

သည်တစ်ချီတော့ ကျုပ် တကယ် အံ့အားသင့်သွားရလေပြီ။ လှိုင့်သတ္တိကိုလည်း ကြိတ်၍ ချီးကျူးမိသည်။ ထိုအခါ သူ့မိသားစုအတွင်း ဖြစ်ပေါ်သွားမည့် ဂယက်ကိုလည်း မှန်းဆမိလေသည်။

"ပထမတော့ လူကြီးတွေက ခေါင်းခါကြတာပေါ့ကွာ"

"နောက်တော့ကော..."

"လှိုင့်စိတ်ကို မင်း သိသားပဲ၊ ဒီကောင်မက အေးသလောက် စိတ်ဓာတ်က ရင့်တယ် မဟုတ်လား၊ ဇွတ်ပြောလာတော့တာပေါ့"

"လူကြီးတွေတော့ စိတ်မကောင်းဖြစ်ကြမှာပဲ"

"နည်းနည်းတော့ ဖြစ်တာပေါ့ကွာ"

"နည်းနည်း ဟုတ်လား"

ကျုပ် ရယ်မိပြန်သည်။ သမီးတစ်ယောက်လုံး မင်းသမီးလုပ်ချင်ပါသည်ဆိုသည်ကို နည်းနည်းသာ စိတ်မကောင်းဖြစ်ကြသည်တဲ့။

ကမ္ဘာအရပ်ရပ်တွင် အဏုမြူဗုံးများ စမ်းသပ်သောကြောင့် လူသားတွေ စိတ်ဓာတ် အပြောင်းအလဲဖြစ်ကုန်ပြီလားတော့ မသိတော့ပါ။

"ခုတော့ကော..."

"အေး... ငါ့ဇာတ်လမ်းသာ ရိုက်ခွင့်ရရင် လှိုင်မင်းသမီးပဲ"

ထို့ကြောင့်ပင် ကျုပ်ဆိုခဲ့သည် မဟုတ်လား။ လောကကြီးသည် မိန်းမရှင်တစ်ယောက်ကဲ့သို့ ဖောက်လွဲ ဖောက်ပြန် လုပ်တတ်သည်ဟု။

တစ်ခုကို စိုးရိမ်မိပြန်သည်။

"နေဦး... ဒီဇာတ်ကားကို ငါနဲ့ရိုက်ဖို့ မင်းစီစဉ်တာကော သူတို့ဘာမှ မပြောကြဘူးလား"

"ဒါပေမဲ့ သူတို့အိမ်က ငါ့ကို မကြည်ဖြူနိုင်တာလည်း မင်းအသိသားပဲ"

ရျော်နီက ဟက်ဟက်ပက်ပက်ရယ်ပါသည်။

"ဟေ့ကောင် စနေ... ခုပြောနေတာ အလုပ်ကိစ္စကွ... ဘာဖြစ်လို့ ငယ်ကျိုးငယ်နာတွေဖော်ပြီး အတွေးချောင်နေရတာလဲ"

mgyoe.com

ဟုတ်သည်ပဲ။ ဂျော်နီ စကားသည် မှန်ကန်သည်ပဲ။ ကျုပ်က သူတို့နှင့် ပတ်သက်လာလျှင် ဘာကြောင့် တွေးတောပူပန်နေရသနည်း။ ဘာကို ကျုပ်စိုးရိမ်နေသနည်း။ ဘာကြောင့် ဆက်စပ်မှုများကို ရှာနေရသနည်း။ ရင့်ကျက်အပ်သော လူတစ်ယောက်၌ မိန်းမဆန်သော မဆီမဆိုင်အတွေးမျိုးကို မတွေးအပ်ပါ။ ကျုပ်ဘာကြောင့် မခိုင်တို့မိသားစုအပေါ် တွေးတောစရာအဖြစ် သတ်မှတ်နေရသနည်း။

မခိုင်သည် ကျုပ်ကို ယခုတိုင် မရင့်ကျက် မတည်ငြိမ်စေသူပါတကား။

အပြန်လမ်းတွင် ဂျော်နီဝတ္ထုစာရွက်များကို ဖတ်ကြည့်မည်ဟု သယ်ဆောင်လာခဲ့သည်။

လမ်းတွင် စကားတစ်လုံး လွတ်ခနဲ မေးမိသည်။ ထိုစကားသည် ဂျော်နီ၏အရုပ်ဆိုးလှသော ဗိုက်ရွှဲကြီးကို တလှုပ်လှုပ်ဖြစ်အောင် ရယ်မောစေလေသည်။

ငယ်စဉ်ကလို နုပျိုလန်းဆန်းသော စိတ်ကြည်လင်မှုကလေးများကို တဒင်္ဂမျှ ရရှိခံစားလိုက်ရသည်။

"မခိုင် အိမ်ထောင်ကျပြီလား"

ဂျော်နီက ရယ်မောရင်း ခေါင်းခါပြလေသည်။ သည်အတိုင်းဆိုလျှင် မခိုင်သည် ကျုပ်ဘဝတွင် တစ်စုံတစ်ရာသောအတိုင်းအတာအထိ ပြန်လည်ပတ်သက်လာတော့မည်ဟု ထင်သည်။

ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း မဖြစ်မိ။ စိတ်တော့ နည်းနည်းလှုပ်ရှားမိသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ အရင်ကလောက် မျက်စိထဲတွင် ဖရိုဖရဲမဖြစ်တော့

နည်းနည်းကလေး ကြည့်လို့ကောင်းလာသည်။ သည်ည မခိုင်ကို အိပ်မက်မက်လိမ့်မည် ထင်သည်။

*

mgyoe.com

mgyoe.com

# (၃)

တစ်ချိန်တုန်းက လူတစ်ယောက်နှင့် ထိုးရကြိတ်ရသည်ထိ ရန်ဖြစ်ဖူးသည်။

ကျုပ် ဖြစ်လိုက်ရပြီဆိုလျှင် ကျုပ်တို့ ရုပ်ရှင်သမားများ အစော်ကားခံရသော အကြောင်းကြောင့်ချည်းဖြစ်သည်။

မိတ်ဆွေတစ်ဦး၏မင်္ဂလာဆောင်တွင် ဖြစ်သည်။ ထုံးစံအတိုင်း လူပျိုညသို့ ရောက်ခဲ့ရသည်။ အရက်သောက်ဖြစ်ကြသည်။ ပျော်ပျော်ပါးပါး စကားစမြည်ပြောဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့ကြသည်။

ကျုပ်တို့ဝိုင်းတွင် စကားပြောကောင်းသော လူတစ်ယောက်ပါလာသည်။ သူ့ စကားပြောကောင်းပုံမျိုးသည် အဆင့်အတန်းမြင့်မားမှု မရှိ။ မိန်းမတွေဝိုင်းတွင် တခစ်ခစ် ရယ်မောစေသော စကားပြောကောင်းပုံမျိုးသာ ဖြစ်သည်။ ယောကျ်ားချင်း နားထောင်ရသည်မှာ အောက်တန်းနောက်တန်း ကျလှသည်။

ကျုပ်မိတ်ဆွေက သူနှင့်မိတ်ဆက်ပေးစဉ်ကတည်းက သူ့ကို ကျုပ် သိပ်မကြိုက်ချင်လှ၊ သိပ်အရောတဝင်နိုင်လွန်းသည်။ ဣန္ဒြေမရ၊ အရက်သောက်နေစဉ်အတွင်း သူ့ကြောင့်ပင် စိတ်ကသိကအောက် ဖြစ်ရသည်။ ဘယ် ရုပ်ရှင်မင်းသားနှင့် ခင်မင်ကြောင်း၊ ဘယ်ဒါရိုက်တာကို သူက ကူညီ

mgyoe.com

mgyoe.com

လိုက်ရကြောင်း စသောစကားမျိုးတွေ ခဏခဏ ပြောတတ်သည်။ တစ်စုံတစ်ယောက်က စလိုက်သော စကားမှန်သမျှကို နောက်ယောင်ခံလိုက်တတ်သည်။

တော်တော်ကလေး မူးလာကြသောအခါတွင် သူက နောက်သလိုလို စကားတစ်ခွန်း ဆိုလာသည်။

"ဒီမယ်... ဆရာစနေ၊ မင်းသမီးတစ်ယောက်လောက်တော့ ရဖူးချင်တယ်ဗျာ... ဘယ်လောက် ပေးရပေးရ"

သူ့စကားဆုံးလျှင် ဆုံးချင်း ကျုပ်ကိုယ်သည် ဝုန်းခနဲ မြောက်ကြွသွားသည်။ ချက်ချင်း တုံ့ပြန်သော စကားကို ဆိုလိုက်သည်။

"ခင်ဗျားနှမကို မင်းသမီး အရင်လုပ်ခိုင်းဦး"

ကျုပ်စကားသည် ဟိုဘက်ဝိုင်း၊ သည်ဘက်ဝိုင်းတွေပါ ကြားရနိုင်သည်။ သူ သိပ်ရှက်သွားပုံရသည်။ ဆတ်ခနဲ မတ်တတ်ထရပ်သည်။

"ခင်ဗျား ရိုင်းလှချည်လား"

"မင်းက ရိုင်းသလား... ငါက ရိုင်းသလား"

ကျုပ်သည် ပြောရင်းမှ ထိုးလိုက်သည်။ သူ့မျက်ခွက်ကို မထိ၊ ရင်အုံကို ထိသွားသည်။ ဝိုင်းဆွဲကြသဖြင့် သူ သက်သာသွားသည်။ ကျုပ်လက်ထဲမှာ ပုလင်းခွံတစ်ခု ကိုင်မိလျက်သား။ ထို့ကြောင့်ပင် ကျုပ်သည် အရက်ဝိုင်းများကို အမြဲရှောင်ခဲ့ခြင်း ဖြစ်သည်။ ကျုပ်စိတ်က ဆတ်သည်။ အထူးသဖြင့် ရုပ်ရှင်သမားများကို ထိခိုက်လာလျှင် ကျုပ်ပါးစပ်က ထိန်းလို့သိမ်းလို့ မရတတ်။

ခက်သည်က ကိုယ့်ဘက်က မလုံခြင်းလည်း ပါသည်။ သည်လို အပြောအဆိုခံရအောင်နေသူတွေက နေပြသည်။ နည်းနည်းကလေးမှ စောင့်စည်းရမှန်း မသိတတ်၊ ကိုယ့်နယ်ပယ် ကိုယ့်ဝန်းကျင်သိက္ခာရှိစေရန် သင်းတို့မကြိုးစားကြ၊ တာဝန်တစ်ရပ်အနေဖြင့်လည်း သဘောမထား၊ ပက်ပက်စက်စက် နေတတ်ကြသည်။

လူတွေကလည်း တစ်မျိုး၊ ပျက်စီးတာချင်းအတူ ရုပ်ရှင်မင်းသမီးတွေ ပျက်စီးလျှင် ပို၍ ပြောချင်ဆိုချင်ကြသည်။ ထို့ကြောင့်ပင် ကျုပ်မကြာခဏ ပြောခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


ရုပ်ရှင်မင်းသမီးဖြစ်လာလျှင် သာမန်လူတွေထက် ပို၍အနေအထိုင် ဆင်ခြင်ပါမှ တော်ခါကျမည်ဟု၊ ကိုင်း... ခုအပြောအဆိုခံရပြီဆိုတော့ ဘယ်မှာ ကောင်းနိုင်တော့မည်နည်း။

"ခင်ဗျားနှမကို အရင်မင်းသမီး လုပ်ခိုင်းဦး" ဟု လူတစ်ယောက်ကို ပက်ပက်စက်စက် ပြောပစ်ခဲ့သော ကျုပ်သည် ယခု ကျုပ် နှမသဖွယ် ဖြစ်သော လှိုင့်ကို မင်းသမီးအဖြစ် ရုပ်ရှင်ရိုက်ကူးပေးရပါတော့မည်။

ထို့ကြောင့် အတတ်နိုင်ဆုံး လှိုင့်ကိုကျုပ် ထိန်းသိမ်းရပါမည်။ လူပြောသူပြော လွတ်အောင်သာမက စံပြရုပ်ရှင်မင်းသမီး တစ်ယောက်ဖြစ်လာအောင်ပင် သွန်သင်ရပါမည်။

လှိုင်သည် အသိမ်မွေ့ဆုံးသော မြန်မာရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်စေရမည်ဟု ကျုပ် သန္နိဋ္ဌာန်ချလိုက်သည်။ ရုပ်ရှင်မင်းသမီးများကို ယဉ်ကျေးသူကလေးများအဖြစ် လှိုင်မှစ၍ မှတ်တမ်းတင်စေရမည်။

ပြီးတော့ ဂျော်နီ၏ဝတ္ထုကို ကျုပ်ဖတ်ပြီးပြီ။ ဇာတ်လမ်းကောင်းလှသည်တော့ မဟုတ်၊ ရည်ရွယ်ချက် ကောင်းသည်။ မိန်းကလေးများ၏ ယဉ်ကျေးဖွယ်ရာမှုကို ဇာတ်လမ်းရည်ရွယ်ချက်အဖြစ် ထားရှိသည်။ ဤသည်ပင်လျှင် ကျုပ်သည် ဇာတ်လမ်းကို စိတ်ဝင်စားစေခြင်း အကြောင်း တစ်ချက် ဖြစ်သည်။

ပြဿနာတစ်ခုတော့ ဖြစ်ရသေးသည်။ သည်ဇာတ်လမ်းကို ကျုပ် ရိုက်ကူးပေးပါမည်ဟု ကတိပေးပြီးသည့်နောက် လှိုင့်ကို တွေ့ဆုံဖို့ဖြစ်သည်။ မည်သို့ တွေ့ဆုံရမည်နည်း။

သူတို့အိမ်ကိုတော့ ကျုပ်က ဘယ်တော့မှစ၍ သွားလိမ့်မည်မဟုတ်၊ သည်ကိစ္စနှင့်ပတ်သက်၍ ဂျော်နီနှင့် တော်တော်ဆွေးနွေးယူရသည်။ ဂျော်နီကလည်း အလုပ်သဘောအရသွားခြင်းဖြစ်၍ အမှုမထားရန် ပြောသည်။ သို့ရာတွင် ကျုပ်ကလည်း သူတို့အိမ်အကြောင်း သိသည်။ အလုပ်ကို အကြောင်းပြု၍ သူတို့အိမ်သို့လာသည်ဟု မှတ်ကြလိမ့်မည်။

မခိုင်၏အဘွားသည် ကောင်းပြီဆိုလျှင် တစ်သက်လုံးအကောင်း မှတ်သည်။ ဆိုးပြီဆိုလျှင်လည်း တစ်သက်စာ။

သူ့အဘွား စိတ်နုကြောင်း ကျုပ် သိသည်။ စိတ်နုသူကို စည်းရုံးရ

mgyoe.com

mgyoe.com


သည်မှာ လွယ်ကူပါသည်။ ကျုပ်သည် လူကြီးသူမများကို တည့်အောင် ပေါင်းတတ်ပါသည်။ သို့ရာတွင် မရှိသည်ကို အရှိမလုပ်ချင်။ မခိုင် အဘွားကို မှန်တမ်းသာ ဆက်ဆံခဲ့သည်။

ဤအချက်ကြောင့်ပင် သူတို့နှင့် ကျုပ် တစစကင်းကွာခဲ့ရခြင်း ဖြစ်သည်။

ယခုအချိန်မှ အလုပ်ကိစ္စအတွက် သူတို့ထံ ဝင်ထွက်သွားလာလျှင်လည်း ကျုပ်ကို အပြစ်သာဖွဲ့လိမ့်မည်ဟု ကျုပ် ထင်သည်။ ထို့ကြောင့်ပင် လှိုင်နှင့်တွေ့ရန် လှိုင့်ကို မင်းသမီးတစ်ယောက်ဖြစ်လာစေဖို့ သင်တန်းပေးရန် ကိစ္စများကို သူတို့အိမ်တွင် မလုပ်နိုင်ဟု ကျုပ် အပြတ်ငြင်းလိုက်ခြင်း ဖြစ်သည်။

နောက်ဆုံး ဂျော်နီက သူ့အိမ်မှာပင် တွေ့ပေးရန် တာဝန်ယူလိုက်သည်။

ဂျော်နီ သဘောကို ကျုပ် ကောင်းကောင်းသိသည်။ ဖြစ်နိုင်လျှင် မခိုင်နှင့် ကျုပ်ကို ပြန်လည်ပတ်သက်စေချင်သည်။ သည်အတွက်တော့ ကျုပ်က ဆုံးဖြတ်ချက်ချထားပြီးသား ဖြစ်သည်။

သည်တစ်သက်တော့ ပြီးပါပြီ။

တကယ်တမ်းကျတော့ မပြီးပါ။ မပြီးသည့်အပြင် ပို၍ရှုပ်လျားစရာ ဖြစ်လာရသည်။

ဂျော်နီအိမ်တွင် လှိုင်နှင့် ပထမဆုံးအကြိမ် ပြန်တွေ့ရသည်။ လှိုင့်သည် ငယ်ရုပ်မပြောင်းသေးပါ။ ငယ်ဂုဏ်တော့ ပြောင်းသွားပြီ။ လှိုင် တည်ငြိမ်လွန်းနေသည်။ လှသည်ကတော့ လှဆဲပင် ဖြစ်သည်။

လှိုင်သည် အရင်ကလို ကျုပ်အပေါ် တရင်းတနှီးမရှိတော့ချေ။ ရှက်အမ်းအမ်းဖြစ်နေသည်။ ဒါကတော့ မဆန်းပါ။ ငယ်တော့သည်မှ မဟုတ်ဘဲ။ အရင်က လှိုင်သည် ဆယ့်သုံးနှစ်သမီး၊ ယခု တက္ကသိုလ်ကျောင်းသူကြီးပင် ဖြစ်နေပြီ။

ထူးခြားသည်မှာ ကျုပ်ကိုယ်တိုင်ပင် ဖြစ်သည်။ ကျုပ်သည်လည်း လှိုင့်ကို အရင်ကလို ထိပ်ပုတ်ခေါင်းရိုက် မဆက်ဆံရဲခြင်း ဖြစ်သည်။ လှိုင်ကို ကျုပ်စေ့စေ့ပင် မကြည့်ရဲ။ ထားတော့ ဒါက တစ်ပိုင်း။

လှိုင်နှင့်အတူ ကျုပ်မိတ်ဆွေကြီး ပါလာခြင်းသည်သာ ပြဿနာ

mgyoe.com

mgyoe.com


မထင်။ လုံးဝ မထင်မိခဲ့။ ဤမျှ ကျက်သရေကင်းမဲ့သော မျက်နှာကို နောက်တစ်ကြိမ် ပြန်ဆုံစည်းရလိမ့်မည်ဟု ဘယ်တုန်းကမှ စိတ်မကူးမိခဲ့။

မကြိုင်၊ လှိုင်နှင့်အတူ မကြိုင်ပါလာခြင်းသည် ကျုပ်အဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာပင်။

သို့ရာတွင် အရှက်မရှိသော မကြိုင်က ကျုပ်ကို စတင်နှုတ်ဆက်သည်။

"နေကောင်းလား... ဒါရိုက်တာကြီး"

မိန်းမတစ်ယောက်နှင့် ဆက်ဆံရာတွင် အတတ်နိုင်ဆုံး လူကြီးသူကြီးလို နေရမည်ကို ကျုပ် သိသည်။ မတတ်နိုင်ပါ။ အဖိုးတန်သော ခေါင်းကို ညိတ်ပြလိုက်ရသည်။

အကျည်းတန်လှစွာသော ဥသြငှက်၏အသံကို မကြိုင်၏နှုတ်ဆက်စကားနှင့်အတူ ကြားလိုက်ရခြင်း ဖြစ်လေသည်။

လှိုင့်ကို မည်သို့စကားစရမည်ဟု စဉ်းစားရင်း အချိန်အတော်ကြာအောင် သိက္ခာမဲ့စွာ ကုန်ဆုံးခဲ့ရသည်။

ပထမဆုံး လှိုင့်ကို ပြောဖြစ်သောစကားသည် "လှိုင်... မင်းသမီးလုပ်မှာကို လှိုင့်ဖေဖေ မေမေတို့က သဘောတူတယ်နော်" ဟူ၍ ဖြစ်လေသည်။

လှိုင်က ပြုံးလေသည်။ လှိုင့်အပြုံးသည် မာနရိပ်ပါသောအပြုံး ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သောမာနမျိုး ဖြစ်လေသည်။ လှိုင်က ပထမဆုံး စ,ပြောသောစကားသည် ကျုပ်စိတ်ကို မခိုင်ထံသို့ ရောက်သွားစေသည်။

"ကိုကို ဝလာတယ်နော်"

ထိုစကားမျိုးကို မခိုင် အမြဲပြောလေသည်။ ကျုပ် ဝသည် ပိန်သည်ကို မခိုင်သည် အမြဲသတိထားသူဖြစ်သည်။ ခိုင်စကားမျိုးကို လှိုင်က ပြောပြီ။

လှိုင့်စကားသံနှင့်အတူ လှိုင့်ရုပ်သွင်သည်လည်း မခိုင်ကိုသတိရစေသည်သာ ဖြစ်သည်။ လှိုင်သည် မခိုင်နှင့်ပို၍ တူလာသည်။ မကြိုင်ပါလာသည်ကလွဲ၍ စကားပြောရဆိုရသည်ရော၊ လုပ်ငန်းအကြောင်း ဆွေးနွေးရသည်ရော ပြေလည်သည်။

ဂျော်နီဇာတ်လမ်း၏ မူလနာမည်သည် 'ဣန္ဒြေရှင်' ဟူ၍ ဖြစ်သည်။ ထိုအမည်သည် ပြဇာတ်အနေဖြင့် ကောင်းသည်မှန်သော်လည်း ရုပ်ရှင်အနေဖြင့်မူ မကောင်းပါ။ အမည်ပြောင်းဖို့ တိုင်ပင်သည်။

mgyoe.com

mgyoe.com


'အကယ်ဒမီ' ဟူသော အမည်ကို ကျုပ်က ပေးလိုက်သည်။ ဇာတ်လမ်းသည်လည်း ရုပ်ရှင်မင်းသမီးတစ်ယောက်၏ အကြောင်းဖြစ်သည်မို့ နာမည်နှင့်ကိုက်သည်ဟု ထင်သည်။ ပြီးတော့ သည်နာမည်မျိုးသည် ရိုးမလိုနှင့် ဆန်းသည် မဟုတ်ပါလား။ ကျုပ်ရိုက်သော ဇာတ်ကားအမည်များသည် ဤကဲ့သို့ပင် ရိုးသောအမည်များဖြစ်တတ်သည်။

လှိုင်ကတော့ ဘာမျှဝင်မပြော။ တကယ်တော့ ပြောစရာလည်း မလိုပါ။ သရုပ်ဆောင်နှင့် ဇာတ်ကားအမည် ရွေးချယ်ခြင်းသည် မည်သို့မျှ မပတ်သက်ပါ။ ကိုယ်နှင့်မပတ်သက်လျှင် ဘာမှဝင်မပြောသည်မှာ အကောင်းဆုံးဖြစ်သည်။ သို့ရာတွင် ကျုပ်သည် သည်တစ်ခါ ဘာဖြစ်သွားသည် မသိ။

"လှိုင်ကကော ကားနာမည် သဘောကျရဲ့လား..."

ဟု လှမ်းချောင်မိနေသည်။ လှိုင်သည် ခေါင်းညိတ်ရင်း ပြုံးပါသည်။

မကြိုင်သည် သူနှင့် ဘာမျှမသက်ဆိုင်ဘဲ ဝင်၍ပြောသည်။

"ကောင်းတယ်... နာမည်လေး သိပ်ကောင်းတာပဲ... အင်း... 'အကယ်ဒမီ' ဆိုတော့... ဓာတ်စီးတယ်၊ လှိုင်ကတော့ တစ်ကားတည်းနဲ့ အကယ်ဒမီ ချိတ်မှာပဲ"

မကြိုင်သည် ဘယ်လိုမိန်းမမျိုးလဲ။ သူ ဘာမှမသိဘဲနှင့်လည်း ဝင်ပြောသည်။ ဓာတ်တွေ ဗေဒင်တွေလည်း ပါလာသည်။ ရယ်စရာအကောင်းဆုံးမှာ ကျုပ်ကို ရုပ်ရှင်သမားတစ်ယောက်အဖြစ် တစ်ချိန်က ပုတ်ခတ်ခဲ့သော သည်မိန်းမသည် ခု သူ့ညီမကိုကျတော့ အကယ်ဒမီရသည်အထိ တွေးနေပြန်သည်။

သို့ရာတွင် သူ့စကားကြောင့် မခိုင်ကို သတိရမိပြန်သည်။ မခိုင်သည် ဗေဒင်မေးခြင်းကို ဝါသနာထုံသူလေး ဖြစ်သည်။

"ဗေဒင်က ဟောထားတယ်... နှစ်ဆယ့်လေးနှစ် မကျော်ခင် အိမ်ထောင်မပြုရဘူးတဲ့"

ကျွန်တော်နှင့် ချစ်နေကြစဉ်ကာလက မခိုင်ပြောဖူးသော စကားလေး ဖြစ်သည်။

"မခိုင်က ကျွန်တော့်ထက် ဗေဒင်ကို ယုံသလား" ဟု ပြန်မေးသော အခါ မျက်ရည်လည်ရှာသည်။

mgyoe.com

mgyoe.com


ဒါကြောင့်ပင် ကျုပ် ပြောခဲ့ခြင်းဖြစ်သည်။ လှိုင် ရုပ်ရှင်မင်းသမီးလုပ်မည်ဆိုကတည်းက ကျုပ်သည် မခိုင်နှင့် တစ်စုံတစ်ရာထိ ပြန်လည်ပတ်သက်လာရလိမ့်မည်ဟု။ ခုပင်လျှင်ကြည့်၊ ကျုပ်အတွေးသည် မခိုင်ထံသို့ မကြာခဏ ရောက်၍ချည်းနေရလေပြီ။

ဂျော်နီသည် ကျုပ် ယူလေ့ရှိသော ဒါရိုက်တာခကိုလည်း သူ့ဘာသာ စုံစမ်းခဲ့ပြီး ဖြစ်သည်။ သူငယ်ချင်းမို့ လျှော့ပေးပါဟု ပြောသော်လည်း မရ၊ ရိုက်ကူးခွင့်ဇာတ်လမ်းကျသည်နှင့် ငွေပေးမည်ဟုလည်း ပြောပါသည်။

ဂျော်နီနှင့် ပတ်သက်၍လည်းကောင်း၊ လှိုင်နှင့်ပတ်သက်၍လည်းကောင်း ပြောရဆိုရသည်မှာ အစစ အဆင်ပြေပါသည်။ မကြိုင်တစ်ယောက်ဝင်၍ နှမ်းဖြူးခြင်း၊ စပါးရော ဖွဲရော ဝင်ပြောခြင်းသာ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။

"လှိုင် မင်းသမီးလုပ်မယ်ဆိုရင် မင်းသမီးနဲ့မတူအောင်နေဖို့ အရေးကြီးတယ်"

ကျုပ် စကားကြောင့် အားလုံးအံ့သြသွားကြသည်။ ဂျော်နီက ရယ်သည်။

"ဘာရယ်ကွ၊ မင်းသမီးလုပ်မယ်ဆိုရင်... မင်းသမီးနဲ့တူအောင် မနေရဘူး ဟုတ်လား..."

ကျုပ်က ခေါင်းညိတ်ပြလိုက်သည်။

လှိုင်သည် ကျုပ်ကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကြည့်ပါသည်။ ဖျတ်ခနဲတစ်ခု သတိထားမိလိုက်သည်။ လှိုင့်အကြည့်သည် ဆွဲငင်အား ကြီးမားသည်ဟု။

ဒါရိုက်တာဟူသည် လူတို့လှုပ်ရှားပြုမူနေသမျှကို အလျဉ်းသင့်သလို ဂရုစိုက်နိုင်ရမည် ဖြစ်သည်။

သို့ရာတွင် ကျုပ်သည် လှိုင်နှင့်ပတ်သက်၍ ဂရုစိုက်မှုလွန်ကဲကောင်းလွန်ကဲနေပါလိမ့်မည်။ အကြောင်းအချက်များစွာထဲက အဓိကအချက်မှာ လှိုင်သည် မခိုင်၏ညီမဖြစ်သောကြောင့်ပါတည်း။ လှိုင်ကို ခပ်စောင်းစောင်း အနေအထားမှ ကြည့်လျှင် မခိုင် ငယ်ငယ်ကနှင့် တူပါသည်။ မခိုင်က လှိုင့်ထက် အသားအနည်းငယ် ပိုဖြူခြင်းသာ ကွာသည်။

mgyoe.com

mgyoe.com


ညိုစိမ့်စိမ့် အသားအရေသည် ရုပ်ရှင်ရိုက်၍ ပိုကောင်းသည်။ ဖလင်ကော်ပြား၌ ပိုကြွသည်။ ဖြူလွန်းလျှင် မျက်နှာတွေ ပြားချပ်ချပ် ဖြစ်ကုန်တတ်သည်။ ရုပ်ရှင်မင်းသမီး တော်တော်များများသည် အသားညိုစိမ့်စိမ့် ရှိတတ်ကြသည်။

လှိုင်သည် ဖလင်စွဲသော အသားအရေ ပိုင်ရှင်ဖြစ်သည်။

"ရှင်းစမ်းပါဦးကွ မင်းစကားကို၊ ဘာကြောင့် ရုပ်ရှင်မင်းသမီးနဲ့တူအောင် မနေရမှာတုံး"

ဂျော်နီစကားကြောင့် လှိုင့်ထံမှ မျက်နှာလွှဲပစ်လိုက်ရသည်။

"ဒီလိုလေ ရုပ်ရှင်မင်းသမီးဆိုတာတွေကို အပြင်လောကက မြင်ထားကြတာက တစ်မျိုးကိုး... တတ်နိုင်သလောက် ပေါတောတော နေရမယ်၊ အနေမတတ် အထိုင်မတတ် ဖြစ်ရမယ်၊ အပြောအဆို ကြမ်းတမ်းရိုင်းစိုင်းရမယ်။ စသဖြင့်ပေါ့... လှိုင့်ကို အဲသလို အပြောအဆိုခံရမယ့် မင်းသမီးမျိုး မဖြစ်စေချင်ဘူး"

ကျုပ်စကားသည် စေတနာ အပြည့်အဝပါသောစကား ဖြစ်ပါလျက် လှိုင့်မျက်နှာ ကွက်ခနဲပျက်သွားပါသည်။ ဘာကြောင့်ဆိုသည်ကို ကျုပ် နားမလည်နိုင်တော့ပါ။

ထိုအခါ မကြိုင်က ဝင်ပြောပါသည်။

"ကိုစနေကလည်း မလှိုင် ဘယ်လိုနေတတ်ထိုင်တတ်တယ်ဆိုတာလည်း အသိပဲဟာ... ကျွန်မတို့မိသားစုထဲမှာ ဟော့ဟော့ရမ်းရမ်း နေတတ်ထိုင်တတ်တဲ့လူ ဘယ်မှာရှိလို့လဲ"

'ခင်ဗျားတစ်ယောက်ကလွဲရင် မရှိပါဘူး' ဟူသောစကားကို ငယ်ငယ်က စိတ်ဓာတ်နှင့်သာဆို ပြောပြီးပြီ ဖြစ်သည်။ ခုတော့ လုပ်ငန်းအကြောင်း ဆွေးနွေးနေချိန်ဖြစ်သဖြင့် ပြန်မပြောဖြစ်တော့။ သို့ရာတွင် သူ့စကားသည် လှိုင်ဘာကြောင့် မျက်နှာပျက်သွားမှန်းကို သိသာစေသည်မို့ လှိုင့်ဘက်သို့ မျက်နှာမူလိုက်ရသည်။

"လှိုင့်အကြောင်း ကိုကို သိပါတယ် လှိုင်... ဒါပေမဲ့ ကိုကို့စကားရဲ့ အဓိပ္ပာယ်က တစ်မျိုးပါ... လှိုင်ကို စံပြမင်းသမီးတစ်လက်ဖြစ်စေချင်တဲ့ စေတနာနဲ့ပါ၊ လှိုင်သဘောပေါက်ရဲ့လား"

mgyoe.com

mgyoe.com


လှိုင်က ရှက်သော မျက်နှာကိုဝှက်၍ ခေါင်းညိတ်ပြသည်။ မျက်နှာကလေးစောင်း၍ ခေါင်းညိတ်ပြပုံကလည်း မခိုင်ကို သတိရစေပြန်သည်။

မခိုင်ကို ချစ်ရေးဆိုတုန်းက ဖြစ်သည်။ ကျူပ်ပြောသမျှသော မေတ္တာစကား ကပေါက်ချိကပေါက်ချာတို့ကို မခိုင်သည် ခေါင်းကြီးငုံ့လျက် နားထောင်သည်။

ကျူပ် ပြောသောစကားများမှာ မေတ္တာစကားများနှင့်တော့ တူချင်မှ တူမည်။ ကျူပ်သည် ဘယ်သောအခါမှ စကားကိုအပေါက်အလမ်း တည့်အောင် ပြောတတ်သူမဟုတ်သောကြောင့် ဖြစ်သည်။ မည်သို့ပင်ရှိစေ မေတ္တာစကားဟူသည်မှာ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်တွယ်သည့် အကြောင်း ပြောခြင်းသာ ဖြစ်သည်။ ကျူပ်သည် တတ်နိုင်သမျှ စကားလုံး ရွေးချယ်ပြီး မခိုင်ကို ချစ်ရေးဆိုခဲ့သည်။

"ကျွန်တော် အိမ်တစ်လုံးဆောက်မယ်ဗျာ။ ခုတော့ မဟုတ်သေးဘူးပေါ့၊ ကျွန်တော်တို့နှစ်ယောက် မပူမပင် နေထိုင်စားသောက်နိုင်ဖို့ ပုံမှန်ဝင်ငွေရှိအောင် ကြိုးစားမယ်ဗျာ။ အဲဒီအခါကျရင် မခိုင်ကို ကျွန်တော်လက်ထပ်မယ်ဗျာ။ ခုတော့ ကျွန်တော့်စိတ်ထဲမှာ မခိုင်ကို မမြင်ရရင် မနေနိုင်သလိုလို ဖြစ်နေမိတဲ့အကြောင်း မခိုင် သိထားစေချင်လို့ ရှေ့ပြေးကြိုပြောထားတာပါ ဟုတ်လား"

မခိုင်ဘက်က ဘာမျှမတုံ့ပြန်သေးသော ကျူပ်ကလည်း ပထမအကြိမ် ချစ်ရေးဆိုသောကာလတွင် ကျူပ်ပြောသော မေတ္တာစကား ဖြစ်လေသည်။ မခိုင်သည် ဘာမျှပြန်မပြောဘဲ နေလေသည်။

"ကျွန်တော်ပြောတာ သဘောပေါက်ရဲ့လား မခိုင်"

ဟု ကျူပ်က မေးသောအခါတွင်မှ ယခု လှိုင် ခေါင်းညိတ်သကဲ့သို့ စောင်းတောင်းတောင်းကြီး ငုံ့လျက် ခေါင်းညိတ်ပါသည်။

အဓိပ္ပာယ်ကင်းမဲ့သော ပေါက်တတ်ကရစကားများကို ပြောဆိုကြပြီးနောက် လှိုင်တို့ပြန်သွားကြလေသည်။ ရယ်စရာမကောင်းဘဲလျက် တစ်ခါ နှစ်ခါလောက် ရယ်လိုက်ရသောကြောင့် ပါးရိုးများ ညောင်းသလိုရှိသွားသည်။

ထိုအခါ နှစ်ခါသည် ဂျော်နီပြောသောစကားနှင့် လှိုင်ပြောသော

mgyoe.com

mgyoe.com


စကားတို့သာ ဖြစ်သည်။ မကြိုင်ပြောသောစကားတို့ကို ကျုပ်သိပ်ဂရုမစိုက်မိပါ။ လှိုင်တို့ကို ဂျော်နီက သူ့အိမ်ဆီးမှ အငှားမာစီဒီးကားဖြင့် လိုက်ပို့သည်။ ကျုပ်ကတော့ ထုံးစံအတိုင်း ဘတ်စ်ကားဖြင့် ပြန်ခဲ့သည်။ ဘတ်စ်ကားစီးရခြင်းကို ကျုပ်အလွန်သဘောကျသည်။ လူ့ဘဝ၏အမှတ်မထင်ဖွယ်သော အတွေ့အကြုံကလေးများကို ရရှိစေသည်။

ဂျော်နီကတော့ တစ်ပါတည်း သူ့ကားနှင့် လိုက်ခဲ့ရန်ပြောပါသေးသည်။ ကျုပ်က မလိုက်ခြင်းဖြစ်သည်။ တတ်နိုင်သမျှ ကင်းကင်းနေတာ ကောင်းမည်။

သို့ရာတွင် ဘတ်စ်ကားပေါ်ရောက်သဖြင့် ထိုင်စရာ တစ်နေရာရလိုက်သည်နှင့် စိတ်ကူးထဲတွင် တစ်စုံတစ်ယောက် ပေါ်လာသည်။ တစ်စုံတစ်ယောက်ဟု ပြောရခြင်းမှာ မည်သူမှန်း တိတိကျကျ မသိရသောကြောင့် ဖြစ်သည်။

တစ်ခါတစ်ခါ ကိုယ့်အတွေးပင်ဖြစ်လင့်ကစား ကိုယ့်ဘာသာကိုယ် မသိဘဲ ရှိနေတတ်သည်။ ခုလည်း ကျုပ်တွေးနေသည်မှာ လှိုင့်အကြောင်းလား၊ ခိုင့်အကြောင်းလား မဝေခွဲနိုင်တော့ပါ။ လှိုင်နှင့် မခိုင်သည် တစ်ယောက်တစ်လှည့်စီ စိတ်ကူးထဲ ပေါ်လာတော့သည်။ တစ်ခါတစ်ခါ နှစ်ယောက်ပေါင်း၍ တစ်ယောက်တည်း ဖြစ်နေတတ်သည်။

အိပက်အိပက်နှင့် နေလို့ထိုင်လို့ ဘယ်လိုမှ အချိုးမကျသော ဟီးနိုးမော်တော်ကား ဆိုဖာပေါ်တွင် ကျုပ်အိပ်ပျော်သွားလေသည်။ နည်းနည်းကလေးမှ အသုံးမကျသော အိပ်မက်တစ်ခုကို မြင်မက်သည်။

ဘာ... အိပ်မက်မှန်း မသိပါ။

*

mgyoe.com

mgyoe.com

# (၄)

ထင်သည့်အတိုင်းပင် 'အကယ်ဒမီ' ဇာတ်ကားရိုက်ကူးခွင့်ကျလာလေသည်။ ရိုက်ကူးခွင့်ဆိုသည်မှာ ဇာတ်လမ်းတစ်ပုဒ်ကို ရုပ်ရှင်ရိုက်ကူးလိုလျှင် ရုပ်ရှင်ကော်ပိုရေးရှင်းမှ ဖွဲ့စည်းထားသော ဇာတ်လမ်းများ စိစစ်ရေးအဖွဲ့သို့ ဇာတ်လမ်းဇာတ်ညွှန်းတို့နှင့်တကွ ရေးသားတင်ပြပြီး ရိုက်ကူးခွင့်တောင်းရခြင်း ဖြစ်သည်။

ဇာတ်လမ်းစိစစ်ရေးသည် ဆင်ဆာမဟုတ်ပါ။ ဆင်ဆာဆိုသည်မှာ ရိုက်ကူးပြီးပြသရန် အသင့်ဖြစ်နေသော ရုပ်ရှင်ဇာတ်ကားကို သက်ဆိုင်ရာ လူကြီးများက စစ်ဆေးကြည့်ရှုပြီး မလိုလားအပ်ဟု ယူဆသောအရုပ်များ၊ အသံများကို ဖြတ်ထုတ်ခြင်း ဖြစ်ပါသည်။

ဇာတ်လမ်းစိစစ်ရေးအဖွဲ့တွင် နိုင်ငံတော်၏အရေးပါအရာရောက် အဖွဲ့အစည်း၊ ဌာနစသည်များမှ သမာသမတ်ကျသော လူကြီးများကို တာဝန်ပေးထားသည်။

ရုပ်ရှင်ရိုက်ကူးလိုသော ဇာတ်လမ်းတစ်ပုဒ်ကို ထိုအဖွဲ့သို့ တင်ပြရသည်။ အဖွဲ့က စစ်ဆေးသည်။ အစည်းအဝေး ထိုင်သည်။ လုပ်သားပြည်သူများသို့ တင်ပြရန်မသင့်လျော်ဟု ထင်သော ဇာတ်လမ်းမျိုးကို ရုပ်ရှင်ရိုက်

mgyoe.com

mgyoe.com


ကူးခွင့် မပြု။ အကျိုးပြုသော ဓာတ်ကားများ၊ အဆိပ်အတောက်ကင်းမဲ့သော ဓာတ်လမ်းများကို ခွင့်ပြုသည်။

တချို့ဓာတ်လမ်းများကျတော့ အကျိုးပြုရော၊ အကျိုးမဲ့ရော၊ အဆိပ်အတောက်ရော ရောပြွမ်းနေတတ်သည်။ ထိုအခါ စစ်ဆေးရေးအဖွဲ့က မလိုလားအပ်သည်များကို ဖြုတ်ပစ်စေပြီးမှ ခွင့်ပြုသည်။ ပြင်ဆင်ချက်နှင့် ဓာတ်လမ်းခွင့်ပြုသည်ဟု ခေါ်သည်။

ပြဿနာတစ်ခုတော့ ရှိသည်။ အကျိုးပြုသက်သက် ဓာတ်လမ်းများကို ပရိသတ်က မကြိုက်၊ မည်သူဖြစ်ဖြစ် ဆေးသောက်ရသည်ထက် အာဟာရ ကို မှီဝဲသုံးဆောင်ချင်သည့်သဘောမျိုးဖြစ်သည်။ သို့ရာတွင် အာဟာရကိုချည်း အမြဲစားသုံးချင်နေ၍လည်း မဖြစ်ပါ။

ထို့ကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာ ဖြစ်စေမည့် အာဟာရများကို ကျွေးရသည်။ တစ်ခါတစ်ခါ ပျားရည်ဖြင့် ဝမ်းချပေးရသည်။ ပရိသတ်နှစ်သက်လက်ခံသော အကျိုးပြုဓာတ်လမ်းများကို ရွေးချယ်ရပါသည်။ အပျင်းလည်းပြေစေ၊ ပညာလည်းရစေ။

တစ်ခါတစ်ရံတော့ ဓာတ်လမ်းဖန်တီးသူပညာရှင်များနှင့် စစ်ဆေးရေးအဖွဲ့ဝင်လူကြီးတို့ သဘောထားကွဲလွဲမှုများ ဖြစ်တတ်သည်။

လူတစ်ယောက်နှင့်တစ်ယောက် တစ်ထပ်တည်းကျသော အယူအဆမျိုးကတော့ အမြဲမရှိနိုင်ပါ။

မည်သို့ပင်ရှိစေ ပရိသတ်အပေါ် စေတနာထားသည့်နေရာတွင်တော့ အတူတူပင် ဖြစ်လေသည်။

ပြဿနာမှာ ပရိသတ်အပေါ် စေတနာမထားတတ်သော ရုပ်ရှင်ထုတ်လုပ်သူတချို့ ဖြစ်လေသည်။ တချို့က ငွေကိုသာ အဓိကထားသည်။ တချို့ကတော့ မိမိတို့အယူအဆကိုသာ အဓိက ထားသည်။ တချို့ကျတော့ ပညာပြချင်ရုံသက်သက် ဖြစ်သည်။ အဆိုးဝါးဆုံးမှာ ငွေအဓိကထားသမားနှင့် ပညာပြချင်သူတို့ ဖြစ်သည်။

ငွေသမားများသည် ဓာတ်လမ်းစိစစ်ရေးအဖွဲ့ကို နှစ်ပေါက်တစ်ပေါက်ရိုက်သည်။ အဆိပ်အတောက်ကင်းမဲ့သော အကျိုးပြုပါဝင်သော ဓာတ်လမ်းမျိုးကို တင်ပြကြသည်။ အဖွဲ့အနေနှင့်ကလည်း ချမှတ်ထားသော စည်းကမ်း

mgyoe.com

mgype.com


ဘောင်နှင့်ကိုက်ညီလျှင် ဇာတ်လမ်းချပေးရုံသာ ရှိသည်။ ဇာတ်လမ်းကျတော့မှ ထိုဇာတ်လမ်းကို ကျောရိုးမပျောက်ရုံတစ်မယ် အပေါ်ယံရွှေမှုန်ကြဲတော့သည်။ ပရိသတ်မကြိုက် ကြိုက်အောင် လုပ်ကြတော့သည်။

ပရိသတ်ကြိုက်အောင်လုပ်ဖို့ကိစ္စမှာ အင်မတန် လွယ်သည်။ သို့ရာတွင် ကလေးများ ကျောင်းပြေးရသည်ကို ပျော်ပိုက်ခြင်းမျိုးထက် ပညာသင်ရသည်ကို ပျော်ပိုက်ခြင်းမျိုးဖြစ်ဖို့သာ ကြိုးစားသင့်သည်။

ဤအတတ်ပညာမှာ ရုပ်ရှင်ပညာ၏အသက်ပင်ဖြစ်လေသည်။ ပညာပြချင်သော ရုပ်ရှင်သမားတချို့ ရှိပါသည်။ အလွန်နည်းသော အရေအတွက်သာ ရှိပါသည်။ လက်ချိုး ရေတွက်၍ ရသည်။

သူတို့ကတော့ ရောဂါတစ်မျိုး၊ ဇာတ်လမ်းတစ်ပုဒ်ကို ရိုက်ကူးရာတွင် ငွေကိုလည်းမစဉ်းစား၊ ပရိသတ်ကိုလည်း မစဉ်းစား၊ မိမိလုပ်ချင်ရာကို လုပ်ပြခြင်းသာ ဖြစ်သည်။ သဘောမှာ မိမိမည်မျှတော်ကြောင်း၊ တတ်ကြောင်း ဖော်ပြခြင်း ဖြစ်သည်။

တော်သောသူသည် ဖွင့်ပြောရိုးမရှိ၊ ဖွင့်ပြောသည်ဆိုကတည်းက မတော်သောကြောင့် ဖြစ်သည်။ အစွယ်ပေါက်စ ခွေးငယ်ကဲ့သို့ မြင်မြင်ကရာ လိုက်ကိုက်တတ်သည်။ မိမိကိုယ်မိမိ တတ်ပြီ ထင်လိုက်ပြီးသည်နှင့် ပေါက်တတ်ကရတွေ လျှောက်လုပ်တော့သည်။

တစ်ခုသော အကျိုးသာ ရရှိပါသည်။ မျက်စိနောက်ခြင်း ဖြစ်လေသည်။ တီထွင်ဆန်းသစ်ခြင်းနှင့် ပေါက်တတ်ကရလုပ်ခြင်းသည် တခြားစီပါ။

'အကယ်ဒမီ' ဇာတ်လမ်း ရိုက်ကူးခွင့်ကျလာသည့်အကြောင်းကို ဂျော်နီက ဝမ်းသာအားရ လာပြောသည်။ ကျုပ်အဖို့ရာတော့ သိပ်မထူးဆန်းပါ။ သည်ဇာတ်လမ်းကို တင်ပြကတည်းက ကျမည်မှန်းသိပြီး ဖြစ်သည်။

စစ်မှန်သော စေတနာပါဝင်လျှင် မကျနိုင်စရာ ဇာတ်လမ်းမရှိပါ။ ဂျော်နီ ရေးသားထားသော ဇာတ်လမ်းသည် အကောင်းစားကြီးမဟုတ်သော်လည်း ရိုးသားသောစေတနာတော့ ပါဝင်ပါသည်။

"လှိုင့်ကိုကော... ပြောပြီးပြီလား"

ကျုပ်၏စကားကြောင့် ဂျော်နီမျက်နှာတွင် လျှ ်တစ်ပြက် ပြောင်းလွဲ

mgype.com

မှုတစ်ခုဖြစ်ပေါ်သွား၏။ ဘာအဓိပ္ပာယ်ဟူ၍တော့ ကျုပ်မပြောတတ်ပါ။ ကျုပ်မှာ မလုံမလဲဖြစ်သွားရသည်ကတော့ သေချာပါသည်။

"မင်းကို အရင်လာပြောတာပါ။ လှိုင့်ဆီကို ဒီကအပြန်ဝင်ပြီး ပြောမယ်၊ ကောင်မလေးတော့ ဝမ်းသာရှာမှာပဲ"

တစ်စုံတစ်ခုသည် ကျုပ်စိတ်ကို လာရောက်နှောင့်ယှက်လိုက်သလို ခံစားရသည်။ ပထမတွင် ဘာကိုစိုးရိမ်မိမှန်း ကိုယ့်ဘာသာ မသိ။ တဖြည်းဖြည်းမှ သိလာရသည်။

"ဓာတ်လမ်းကျပြီဆိုတော့ ဖလင်ကိစ္စ၊ စပြီးရိုက်နိုင်ဖို့ ကိစ္စတွေ ငါစီစဉ်တော့မယ်... မင်းလည်း မင်းဘက်က ဓာတ်ညွှန်းတို့ ဘာတို့စီစဉ်တော့ကွာ"

ဂျော်နီစကားကို ကြားရသောအခါတွင်မှ စောစောက ဘာကြောင့် ဒိတ်ခနဲဖြစ်သွားရသည်ကို သိတော့သည်။ တကယ်တမ်းကျတော့ သည်ဓာတ်ကားကို မလွဲမသွေ ရိုက်ပေးရတော့မည်ကိုစကတည်းက သိခဲ့သည်။ သို့ရာတွင် ခုလို တရားဝင် ရိုက်ကူးခွင့်ရပြီဆိုတော့မှ မသိစိတ်၌ စိုးမိုးနေသည်မှာ ပေါ်လွင်လာတော့သည်။

အခြားမဟုတ်ပါ။ လှိုင်နှင့် နေ့စဉ် တွေ့ဆုံနေကြရတော့မည့်အဖြစ်ကြောင့် ဖြစ်သည်။

ထိုအဖြစ်သည် တော်တော်ပြောရခက်သောအဖြစ် ဖြစ်သည်။ လှိုင့်ကို တွေ့ချင်စိတ်လည်း ရှိသည်။ တွေ့ရမှာလည်း ကြောက်နေသည်။ ကျုပ်မျက်စိထဲတွင် လှိုင်သည် တစ်ခါတစ်ရံ မခိုင်ဖြစ်နေတတ်သည်ကြောင့်။

နိမိတ်ဆိုသောအရာကို ကျုပ်မယုံကြည်ပါ။ သို့ရာတွင် တစ်ခုခုဖြစ်လိမ့်မည်ထင်တတ်သော အစွဲအလမ်းမျိုးတော့ ကျုပ်မှာ ရှိတတ်သည်။ လှိုင်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ကျုပ်ဘဝမှာဖြစ်လာလိမ့်မည်ဟု ထင်နေမိလေသည်။

ဂျော်နီက မေးသည်။

"ကိုင်း... ဒီတော့ လှိုင်ကို သရုပ်ဆောင် သင်ပေးဖို့ရာ ငါ့အိမ်မှာပဲ စီစဉ်ရမလား"

"အေး... သူတစ်ယောက်တည်းအတွက် သီးသန့်ကတော့ မင်းအိမ်မှာပဲ ကောင်းပါတယ် ဂျော်နီ၊ နောက်ပိုင်းကျရင်တော့ လှိုင့်ကို ရိုက်ကွင်းပေါ်

mgyoe.com